ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်၊ တနင်္ဂနွေနေ့ (19-2-2012)(၇၀၄၀)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ရှေးဟောင်းမပျက် အဓိကထားပြုပြင်ထိန်းသိမ်း

တစ်ဖက်မှလည်း မိမိတို့ယုံကြည်ကိုးကွယ်ရာများဖြစ်သောကြောင့် ယုံကြည်ကိုးကွယ်ရာရှုထောင့်မှ သုံးသပ်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၈ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် မြန်မာနိုင်ငံဗိသုကာပညာရှင်အသင်းတို့ပူးပေါင်းကျင်းပသည့် "ပုဂံဒေသ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးနှင့် အနာဂတ်တွင် Historical Park (သို့မဟုတ်) Archaeological Park တည်ဆောက်ရေး အလုပ်ရုံဆွေးနွေးပွဲ" ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထိုသို့ပြောကြားရာတွင် ပုဂံဒေသသည် မြန်မာ့ယဉ်ကျေးမှု ရှေးဟောင်းအမွေအနှစ်များ ပေါများကြွယ်ဝသည့်အပြင် မိမိတို့၏ ဘာသာတရားအရ ယုံကြည်ကိုးကွယ်ရာဖြစ်သော ရှေးဟောင်းစေတီပုထိုး၊ ဘုရားကျောင်းကန်များ တစုတဝေးတည်း တည်ရှိရာဒေသဖြစ်ကြောင်း၊ မိမိတို့၏ အဓိကကျသော ကမ္ဘာလှည့် ခရီးသွားများစိတ်ဝင်စားရာမြို့လည်းဖြစ်ကြောင်း၊ သို့ပါ၍ ပုဂံဒေသရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ရေရှည်တည်တံ့အောင် ပြုပြင်တည်ဆောက်ထိန်းသိမ်းနိုင်ရန်အတွက် ဤအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း။

အလုပ်ရုံဆွေးနွေးပွဲအနေဖြင့် ပုဂံဒေသ ရှေးဟောင်း အမွေအနှစ်များကို ရေရှည်တည်တံ့အောင် ပြုပြင်ထိန်းသိမ်းရေးနှင့် နိုင်ငံ၏ Historical Park (သို့မဟုတ်) Archaeological Park အဖြစ် တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်သွားနိုင်ရေးအတွက် ဦးတည်ဆွေးနွေးညှိနှိုင်း၍ နည်းလမ်းများ ရှာကြံကြရန်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မူဝါဒအနေဖြင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ရှေးဟောင်းမပျက်အဓိကထား ပြုပြင်ထိန်းသိမ်းရန်နှင့် တစ်ဖက်မှလည်း မိမိတို့၏ ယုံကြည်ကိုးကွယ်ရာများဖြစ်သောကြောင့် ယုံကြည်ကိုးကွယ်ရာ ရှုထောင့်မှလည်း သုံးသပ်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

ယခုအလုပ်ရုံဆွေးနွေးပွဲတွင် အပိုင်း(၆)ပိုင်း ထည့်သွင်းဆွေးနွေးအဖြေရှာသင့်သည်ဟု အကြံပြုလိုကြောင်း၊ အပိုင်း(၁)မှာ ပြုပြင်တည်ဆောက်ခြင်းဖြစ်ကြောင်း၊ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❍

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပုဂံဒေသ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးနှင့် အနာဂတ်တွင် Historical Park (သို့မဟုတ်) Archaeological Park တည်ဆောက်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

၂၀၁၂ ခုနှစ်သည် လေကြောင်းလိုင်းများအတွက် အခိုင်အမာနှစ်တစ်နှစ်ဖြစ်

တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အမြတ်ငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံခန့် ရရှိနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်သည် ဖေဖော်ဝါရီ ၁၃ ရက်မှ ဖေဖော်ဝါရီ ၁၄ ရက်အထိ စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သော တတိယအကြိမ် လေကြောင်းဆိုင်ရာ အကြီးအကဲများ ထိပ်သီးအစည်းအဝေး (SINGAPORE AIRSHOW LEADERSHIP SUMMIT 2012) နှင့် လေကြောင်းပြပွဲသို့ တက်ရောက်ခဲ့သည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❐

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင် စင်ကာပူနိုင်ငံ ချန်ဂီ အပြည်ပြည်ဆိုင်ရာလေဆိပ် ဗဟိုခန်းမ၌ ကျင်းပသည့် လေကြောင်းပြပွဲ အခမ်းအနားတွင် လေကြောင်းကုမ္ပဏီများ၏ ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာစဉ်။(သတင်းစဉ်)

ယ နေ့ သ တ င် း အ ညွှ န် း

ထားဝယ်အထူးစီးပွားရေးဇုန်အတွက် ကလုပ်ထာရေလှောင်တမံ တည်ဆောက်ရန် သဘောတူညီချက် မူကြမ်းရေးဆွဲ

ပြည်တွင်းသတင်း စာမျက်နှာ ၅

ဒစ်ဂျစ်တယ်နည်းပညာဖြင့် ဘာသာစကား မျိုးသုဉ်းမှု ကာကွယ်နိုင်

"ကမ္ဘာပေါ်၌ ယနေ့သုံးစွဲလျက်ရှိသည့် ဘာသာစကား အမျိုးအစား ၇၀၀၀ မျှအနက် ထက်ဝက်ခန့်မှာ နှစ် ၁၀၀ အတွင်း ပျောက်ကွယ်နိုင်"

နိုင်ငံတကာသတင်း စာမျက်နှာ ၄

ကြေးမုံစာတည်းရှုထောင့် ၁၉-၂-၂၀၁၂[တနင်္ဂနွေနေ့]။

ဦးညွှတ်ပါ၊ ဒူးမညွှတ်ပါနှင့်

မျက်မှောက်ကာလ ကျင်းပကြသော ယဉ်ကျေးမှုအနုပညာဆိုင်ရာ အခမ်းအနားများ၊ ဉာဏ်ရည်ဉာဏ်သွေးပြိုင်ပွဲများမှစ၍ ဆုပေးပွဲများအဆုံး ပြသမှု၊ တင်ဆက်မှုများကို မကြာခဏမြင်တွေ့နေရပါသည်။ ထိုအခါ မြန်မာ့ယဉ်ကျေးမှုနှင့်လွဲချော်သော စင်မြင့်ပေါ်မှ ရင်တွင်းစကား ရင်တွင်းပြောကြားချက်များကို မြင်တွေ့ကြားသိနေရပါသည်။

မြန်မာမှုနယ်ပယ်တွင်သာမက မည်သည့်လူမျိုး၊ မည်သည့်နိုင်ငံ၊ မည်သည့်ဘာသာတွင်မဆို အမိနှင့်အဖကို ကျေးဇူးရှင်အဖြစ် မှတ်ယူကြပါသည်။ အနန္တဂိုဏ်းဝင်ကျေးဇူးရှင်၊ အနှိုင်းမဲ့ကျေးဇူးရှင်၊ မြင်းမိုရ်တောင်ဦးမကကျူးသည့်ကျေးဇူးရှင်ဟု ခံယူမှတ်ပိုက်ကြပါသည်။ ပြိုင်ပွဲတွင် အောင်ပန်းဆွတ်ခူးသူသားသမီးက တစ်နည်းအားဖြင့် ဆုချီးမြှင့်ခြင်းခံရသူ သားသမီးက စင်မြင့်ထက်မှ **“မိမိကို မွေးဖွားခဲ့သောမိဘနှစ်ပါးကို ကျေးဇူးတင်ပါသည်”** ဟူသောအသုံးအနှုန်းသည် မဆီလျော်ဖွယ် အသုံးအနှုန်းသာ ဖြစ်ပါသည်။ ကျေးဇူးတင်ပါသည် ဟူသော လျှာဖျားပေါ်မှ စကားလုံးထက် အနှိုင်းမဲ့ကျေးဇူးရှင် မိခင် ဖခင်တို့၏ မေတ္တာ၊ စေတနာက မြင်းမိုရ်တောင်မက ကျေးဇူးကြီးမားလှပါသည်။ မိဘနှစ်ပါးသာလျှင် မဟုတ်မူဘဲ ဆရာသခင်ကျေးဇူးရှင်တို့ကိုပင် ကျေးဇူးတင်ပါသည်ဟူသော စကားလုံးဖြင့် တုံ့ပြန်ရန်မသင့်ပါ။

ယနေ့ခေတ်ကာလတွင် အနောက်တိုင်းယဉ်ကျေးမှုများ နည်းလမ်းမျိုးစုံဖြင့် ထိုးဖောက်ဝင်ရောက်လျက်ရှိပါသည်။ ဘာသာတရားကိုင်းရှိုင်းသော၊ ယဉ်ကျေးသိမ်မွေ့သော ကြီးသူကိုရိုသေ၊ ရွယ်သူကို လေးစား၊ ငယ်သူကို သနားသော ယဉ်ကျေးသိမ်မွေ့သည့်စိတ်ဓာတ်ကို နှစ်သက်ခံယူသော မြန်မာလူမျိုးတို့၏ နှလုံးအိမ်သည် မကြည်မလင်ဖြစ်စပြုနေပါသည်။ အနန္တဂိုဏ်းဝင် ကျေးဇူးရှင်မိခင် ဖခင်နှင့် ဆရာသခင်တို့ကို စင်မြင့်ပေါ်မှ ပြောသင့်သည့်စကားမှာ **“ရိုသေလေးမြတ်စွာ ရှိခိုးပူဇော်ဦးခိုက်လိုက်ပါကြောင်း”** သာလျှင် ဖြစ်သင့်ပါသည်။ ကျေးဇူးတင်ပါသည်ဟူသော စကားလုံးအသုံးအနှုန်းဖြင့် မပေါ့တန်စေသင့်ပါ။

တစ်ဆက်တည်းမှာပင် စာရေးဆရာကြီးသုခိအောင်ရေးသည့် ဆောင်းပါးတစ်ပုဒ်၏ခေါင်းစဉ်ကို အမှတ်ရမိပါသည်။ မြန်မာအမျိုးသမီးများသည် စင်မြင့်ထက်တွင် ဗန်းကိုင်ရသည့်အခါ၊ ဆုလက်ခံရသည့်အခါ ဆုချီးမြှင့်ပေးမည့်သူ၏ ရှေ့မှောက်၌ **ဒူးညွှတ်**၍ အရိုအသေပြုတတ်ကြသည်ကို တွေ့မြင်နေရပါသည်။ မြန်မာမှုနယ်ပယ်၌ ရိုသေသမှုပြုရာတွင် အစဉ်အလာအရ **ဦးညွှတ်**ကြရပါသည်။ ဒူးမညွှတ်ပါ။ ယခုအခါတွင် အစဉ်အလာ ပျောက်ကွယ်၍ ဒူးညွှတ်၍ အရိုအသေပြုနေခြင်းမှာ မြန်မာ့ယဉ်ကျေးမှု မဟုတ်ပါ။ အဆိုပါစာရေးဆရာကြီး၏ ဆောင်းပါးခေါင်းစဉ်ပါအတိုင်း **ဦးညွှတ်ပါ၊ ဒူးမညွှတ်**ပါနှင့်ဟု ထပ်မံအသိပေးနှိုးဆော်လိုက်ရပါသည်။ ။

ကချင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအရ ပြောင်းရွှေ့လာသူများ နေရပ်သို့ အေးချမ်းစွာ ပြန်လည်နေထိုင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း ကချင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအရ ပြောင်းရွှေ့လာသူများ နေရပ်သို့ အေးချမ်းစွာပြန်လည်နေထိုင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ကချင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအရ ပြောင်းရွှေ့လာသူများ နေရပ်သို့ အေးချမ်းစွာ ပြန်လည်နေထိုင်နိုင်ရေးအတွက် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ဂန်ဆိုင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းထွန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစံထွန်းနှင့် ဦးခက်ထိန်နန်၊ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အတွင်းရေးမှူး ဦးစစ်မြိုင်နှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၁၇ ရက် မွန်းတည့် ၁၂ နာရီတွင် ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး ပြည်နယ်ဝန်ကြီးချုပ် ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအရ ၂၀၁၁ခုနှစ် ဇွန် ၁၅ ရက်မှ စ၍ ပြောင်းရွှေ့လာသူများအား ပြည်နယ်အစိုးရအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များက ပံ့ပိုးကူညီဆောင်ရွက်ပေးနေမှုများ၊ ပြောင်းရွှေ့သူအင်အားများလာသည့်အတွက် ပြည်ထောင်စုအစိုးရနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးနေမှုများ၊ ပြောင်းရွှေ့လာသည့် တိုင်းရင်းသားမိသားစုများ၏ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားမှုမပျက်စေရန် စီစဉ်ဆောင်ရွက်ပေးနေမှုများနှင့် ပြောင်းရွှေ့လာသူများ၏ စခန်းများ၌ လိုအပ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းနှင့် ဦးဘုန်းဆွေတို့က နိုင်ငံတော်အကြီးအကဲများအနေဖြင့် တိုင်းရင်းသားမိသားစုများ၏ ဆန္ဒသဘောထားများအတိုင်း ပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်၍ စနစ်တကျ စီမံဆောင်ရွက်ပေးနိုင်ရန် မိမိတို့ လာရောက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရ၊ အဖွဲ့အစည်းအသီးသီးနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ တိုင်းရင်းသားမိသားစုများအပေါ် စောင့်ရှောက်ပေးနေမှုများကို ပကတိ အခြေအနေအတိုင်း ကျယ်ကျယ်ပြန့်ပြန့် လေ့လာပြီး ပြန်လည်အခြေချနေထိုင်နိုင်ရေး စီမံချက်ကို အသေးစိတ် ညှိနှိုင်းရေးဆွဲနိုင်ရန်နှင့် လက်တွေ့ကျကျ ထိရောက်သည့် အကူအညီများပေးနိုင်ရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးနောက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို စနစ်တကျ ဖွဲ့စည်းဆောင်ရွက်နိုင်ရန် လိုအပ်သည့်စာရင်းဇယားများကို ကြိုတင်ကောက်ယူဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် မွန်းလွဲ ၁ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကချင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအရ ပြောင်းရွှေ့လာသူများ နေရပ်သို့ အေးချမ်းစွာ ပြန်လည်နေထိုင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သန်းအောင်က ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအရ ပြောင်းရွှေ့လာသူများအား ကူညီပံ့ပိုးပေးနေမှုနှင့် ပြည်နယ် ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါ်ဘောက်ဂျာက ရွှေ့ပြောင်းစခန်းများသို့ ရောက်ရှိလာကြသူများအား စနစ်တကျ စာရင်းပြုစု၍ ပညာရေး၊ ကျန်းမာရေး၊ နေထိုင်စားသောက်ရေးတို့သာမက ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာများအား ဂရုတစိုက် ပြုစုစောင့်ရှောက်ထားမှုများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက လုံခြုံရေးပြန်လည်ကောင်းမွန်လာသည့် ဒေသများသို့ ပြန်လည်နေထိုင်လိုကြသူများနှင့် သင့်လျော်သောဒေသများတွင် အခြေချနေထိုင်လိုကြသူများအား မူလအခြေအနေများထက် သာလွန်ကောင်းမွန်အောင် ကူညီပေးရေး၊ ပြည်နယ်အတွင်း လက်နက်ကိုင် ပဋိပက္ခများကို အချိန်တိုအတွင်း ထိရောက်စွာ ချုပ်ငြိမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေး ရရှိအောင် လိုအပ်သည်များကို နိုင်ငံတော်အနေဖြင့် လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့်အစီအစဉ်များကို ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် NGO အဖွဲ့အစည်းများဖြင့် ပူးပေါင်း၍ တိုင်းရင်းသားမိသားစုများ၏ ဘဝလုံခြုံငြိမ်းချမ်းသာယာမှု မျှော်လင့်ချက်များကို ညီညီညွတ်ညွတ် တာဝန်ယူဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဘုန်းဆွေက ရွှေ့ပြောင်းတိုင်းရင်းသားမိသားစုများ၏ ကျောင်းသား ကျောင်းသူများအား အခက်အခဲမရှိ ပညာဆက်လက်သင်ကြားနိုင်ရေးအတွက် ပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများက မိဘသဖွယ်ပံ့ပိုးကူညီ ဆောင်ရွက်သင့်ပုံများကို ဆွေးနွေးပြောကြားသည်။

ကချင်ပြည်နယ်အတွင်း မြစ်ကြီးနား၊ ဝိုင်းမော်၊ ဗန်းမော်၊ မိုးမောက်၊ မန်စီနှင့် ရွှေကူမြို့နယ်များရှိ လုံခြုံရေး အခြေအနေအရ ပြောင်းရွှေ့ရောက်ရှိလာသည့် အိမ်ထောင်စုများအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP)တို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၃ ရက်အထိ အိမ်ထောင်စု ၁၅၄၃၀ ကို ဆန်တန်ချိန် ၇၈၀ ဒသမ ၄၀၀၉ တန်၊ ဆီတန်ချိန် ၄၉ ဒသမ ၈၃၁၆ တန်၊ ပဲတန်ချိန် ၉၈ ဒသမ ၆၄၇ တန်၊ ဆားတန်ချိန် ၈ ဒသမ ၁၃၈၂ တန်နှင့် အာဟာရအမှုန့်များကို လည်းကောင်း၊ ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၊ ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များနှင့် စေတနာရှင်ပြည်သူများက ဖေဖော်ဝါရီ ၁၃ ရက်အထိ ဆန်အိတ်ပေါင်း ၁၀၇၅၇ ဒသမ ၉၃ အိတ်၊ ဆီပိဿာပေါင်း ၁၂၆၇ ဒသမ ၈၉ ပိဿာ၊ ဆားပိဿာပေါင်း ၄၂၆၄ ပိဿာ၊ အဝတ်အထည်မျိုးစုံ ၃၅၀၀ နှင့် ငွေသားကျပ် ၂၇၁၅၇၀၈၆၀ တို့ကို လည်းကောင်း ကူညီပံ့ပိုးပေးထားကြောင်း သိရှိရသည်။

ထို့အပြင် ကချင်ပြည်နယ်အစိုးရအနေဖြင့် နယ်မြေလုံခြုံရေးအရ ပြောင်းရွှေ့လာသော အိမ်ထောင်စုများမှ အခြေခံပညာနှင့် အဆင့်မြင့်ပညာများတွင် ပညာသင်ကြားဆဲကျောင်းသားကျောင်းသူ ၄၀၁၉ ဦးအား သက်ဆိုင်ရာနယ်မြေများရှိ အခြေခံပညာကျောင်းများနှင့် အဆင့်မြင့်ပညာကျောင်းပေါင်း ၁၂၈ ကျောင်း၌ ပညာဆက်လက်သင်ကြားနိုင်ရေးအတွက် လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ပုလဲတန်းကျေးရွာအနီး စက်သုံးဆီသိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ Green Luck Trading Co., Ltd. ၌ ဖေဖော်ဝါရီ ၆ ရက်က ကျင်းပသည့် အကြိုအခြေခံ မီးသတ်သင်တန်းဖွင့်ပွဲတွင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ကျော် အဖွင့်အမှာစကား ပြောကြားစဉ်။ (မြို့နယ်ပြန်/ဆက်)

ရွှေတိဂုံစေတီတော် နှစ် (၂၆၀၀) ပြည့်အထိမ်းအမှတ်အဖြစ် စေတီတော်ကြီးအား ရေပန်းအလှဖြင့် ပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရွှေတိဂုံစေတီတော် နှစ် (၂၆၀၀) ပြည့်အထိမ်းအမှတ်အဖြစ် ပွဲတော်စတင်မည့် ဖေဖော်ဝါရီ ၂၂ ရက်မှစတင်ကာ စေတီတော်ကြီးအား ပြည်သူ့ရင်ပြင်ရှိ ရေပန်းအလှဖြင့် ပူဇော်သွားမည်ဖြစ်ကြောင်း ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်းရှိ သဘာဝကမ္ဘာ ခေတ်မီကစားကွင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပြည်သူ့ရင်ပြင်ရှိ ရေပန်းရုပ်ရှင်၊ ရေပန်းအလှနှင့် ရေပန်းအက အစီအစဉ်များကို ဖေဖော်ဝါရီ ၂၂ ရက်တွင် စတင်ဖွင့်လှစ်ပြသသွားမည်ဖြစ်ပြီး ရွှေတိဂုံစေတီတော် နှစ် (၂၆၀၀) ပြည့် အထိမ်းအမှတ်ပွဲတော်နှင့်အတူ စေတီတော်ကြီးကိုလည်း ရေပန်းအလှနှင့် ပူဇော်မည်ဟု သိရသည်။ ရေပန်းရုပ်ရှင်၊ ရေပန်းအလှနှင့် ရေပန်းအကများကို ညနေ နေဝင်ချိန်မှစတင်ပြသမည်ဖြစ်သည်။ ပန်းခြံဝင်ကြေးသာ ပေးသွင်းရမည်ဖြစ်ပြီး ရေပန်းရုပ်ရှင်နှင့် ရေပန်းအလှ၊ ရေပန်းအကများကို အခမဲ့ ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။ ပန်းခြံကို ည ၁၀ နာရီအထိ ဖွင့်လှစ်ပေးထားမည်ဟု သိရသည်။

“ရေပန်းအလှပေါင်း ၂၄၀လောက်နဲ့ အလှဆင်ထားမှာပါ။ ရေပန်းအက ဆိုရင်လည်း ရေပန်းတွေက တီးလုံးနဲ့အတူ ကနေသယောင် ပန်းထွက်နေမှာပါ။ ရေပန်းလိုဏ်ဂူလည်း ပါပါတယ်။ အထူးအစီအစဉ်အနေနဲ့ ကလေးငယ်တွေအတွက် လက်မှတ်တစ်စောင်ကို အရင်က ငါးမျိုးကစားနိုင်ရာကနေ ပွဲတော်ရက် ၁၆ ရက်အတွင်းမှာ ကစားနည်း ၁၀ မျိုးအထိ ဂိမ်းစင်တာမှာ ပေးကစားဖို့ စီစဉ်ထားပါတယ်။ ဈေးဆိုင်ခန်းတွေလည်း ဖွင့်လှစ်ရောင်းချနေမှာမို့ ဆိုင်ဖွင့်ချင်တဲ့သူတွေအတွက် ရေ၊ မီး၊ နေရာ စီစဉ်ပေးထားမှာပါ” ဟု သဘာဝကမ္ဘာ ကစားကွင်းမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ် ဝင်ကြေးမှာ ငွေကျပ် ၃၀၀ ဖြစ်ပြီး ရေပန်းရုပ်ရှင်၊ ရေပန်းအလှနှင့် ရေပန်းအကများ ကြည့်ရှုနိုင်ရန် ပွဲကြည့်စင်လည်း စီစဉ်ပေးထားကြောင်း သိရသည်။ သဘာဝကမ္ဘာ ခေတ်မီကစားကွင်းအတွင်းမှ ရေပန်းရုပ်ရှင်၊ ရေပန်းအလှများကို သဘာဝကမ္ဘာနှင့်အတူ Inginn Nwe Industrial Electronic Trading နှင့် Macsuco Automation ကုမ္ပဏီတို့မှ တာဝန်ယူဆောင်ရွက်ပေးထားခြင်း ဖြစ်သည်။ ရေပန်းရုပ်ရှင်အနေဖြင့်လည်း ဆင်ဆာကျပြီးသော ရုပ်ရှင်များကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ဆက်လက်၍ ကစားနည်းအသစ်များ၊ ရေကူးကန်၊ ကိုယ်ကာယလေ့ကျင့်မှုစင်တာ၊ မိသားစုကာရာအိုကေများကိုလည်း တိုးချဲ့ဆောင်ရွက်သွားမည်ဟု သိရသည်။ ခေတ်မီကစားကွင်းဧရိယာအတွင်း အသင်းအဖွဲ့ကုမ္ပဏီများ၏ ညစာစားပွဲများ၊ အထိမ်းအမှတ်ပွဲတော်များကိုလည်း တာဝန်ယူစီစဉ်ဆောင်ရွက်ပေးကြောင်းလည်း သိရသည်။

(၀၀၁)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၉-၂-၂၀၁၂ (တနင်္ဂနွေနေ့)

၇း၀၅	တရားတော်
၇း၂၀	မျိုးချစ်တပ်မတော်
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၅	ရှေးဟောင်းသုတ
၁၁း၁၅	လျှပ်တစ်ပြက်
၁၁း၃၀	ကာတွန်းအစီအစဉ် -ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရှုပ်ကလေးများ (အပိုင်း-၃၂)
၁၂း၀၀	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -အချစ်စစ်မှန်ရင်
၁း၁၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရှင်သန်နေသရွေ့(အပိုင်း-၁)
၄း၂၀	မွေးမြူသုတ
၅း၀၀	၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (အင်္ဂလိပ်စာ)
၅း၃၀	ဒိဗိုင်နာတို့ရဲ့ဒိဗိုင်း
၆း၃၀	ဘဝကြေးမုံ (လူ့မနော) -မင်းသူ၊ ဖြိုးကိုကိုနှင့် သရုပ်ဆောင်များ (ဒါရိုက်တာ-ဆဲဗင်း-IC)
၆း၅၀	ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သစ္စာစေတမန်(အပိုင်း-၁၈)**
	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -တစ်နေ့သောအခါ (အပိုင်း-၁၇)
	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အရုဏ်ဦးရဲ့လင်းသံစဉ် (အပိုင်း-၃)

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ ဆွတ်ငိုင်တောင်ဘုရားကျောင်း၌ နယ်မြေလုံခြုံရေးအရ ပြောင်းရွှေ့လာသူများအတွက် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ငြိမ်းချမ်းရေးရရှိလာ၍ ဇာတိရပ်ရွာများတွင် ပြန်လည်နေထိုင်ကြမည့် တိုင်းရင်းသားမိသားစုများ၏ စားဝတ်နေထိုင်ရေးကို မူလထက်သာလွန်ကောင်းမွန်အောင် စီစဉ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ကချင်ပြည်နယ် ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစံထွန်းနှင့် ဦးခက်ထိန်နန်၊ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အတွင်းရေးမှူး ဦးစစ်မြိုင်၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အလှူရှင်များသည် ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်းရှိ နယ်မြေလုံခြုံရေးအရ ပြောင်းရွှေ့လာသူများ တည်းခိုနေထိုင်သည့် စီတာပူရပ်ကွက်ရှိ ဆွတ်ငိုင်တောင်ဘုရားကျောင်း၊ တပ်ကုန်းရပ်ကွက်ရှိ တပ်ကုန်း နှစ်ခြင်းခရစ်ယာန်အသင်း၊ ဂျန်မိုင်ကောင်ရပ်ကွက်ရှိ သံပေါလုဘုရားကျောင်းနှင့် ဂျန်မိုင်ကောင်(နှစ်ခြင်း)ကျောင်း၊ ရှမ်းစုမြောက်ရပ်ကွက်ရှိ ဓမ္မရက္ခိတဝန်းသို ဘုန်းတော်ကြီးကျောင်း၊ လယ်ကုန်းရပ်ကွက်ရှိ ဇီးအုန်နှစ်ခြင်းဘုရားကျောင်းနှင့် လယ်ကုန်း မလိယန်ဘုရားကျောင်းတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းသို့ လှည့်လည်ကြည့်ရှုစဉ် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက ဒေသတိုင်းရင်းသားများအနေဖြင့် ဇာတိရပ်ရွာများသို့ ဆန္ဒအရပြန်လည်သွားရောက်ပါက ပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းပြီး စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများကို စနစ်တကျ စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အစိုးရအဖွဲ့သစ်အနေဖြင့် ထာဝရငြိမ်းချမ်းရေးကိုအကောင်အထည်ဖော်နိုင်ရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် စေ့စပ်ညှိနှိုင်းရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကေအိုင်အိုအဖွဲ့နှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများမှ ထာဝရတည်ငြိမ်အေးချမ်းမှုရရှိလာတော့မည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် နှစ်ဦးနှစ်ဖက်အပစ်အခတ်ရပ်စဲပြီး တဖြည်းဖြည်းနှင့်တည်ငြိမ်အေးချမ်းမှုများ ရရှိလာပြီဖြစ်ကြောင်း၊ နှစ်ဖက်အပြည့်အဝအပစ်အခတ်ရပ်စဲမှု ရရှိလာချိန်တွင် တိုင်းရင်းသားမိသားစုများသည် ဇာတိဒေသများသို့ ပြန်လည်နေထိုင်ရာတွင် မူလအခြေအနေများထက်သာလွန်ကောင်းမွန်အောင် စီစဉ်ဆောင်ရွက်နေကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဘုန်းဆွေက ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် တိုင်းရင်းသားမိသားစုများ၏ အခြေခံလိုအပ်ချက်များကို စနစ်တကျပံ့ပိုးကူညီဆောင်ရွက်ပေးနေမှုများ တွေ့ရကြောင်း၊ ထို့အပြင် ငြိမ်းချမ်းရေးရရှိလာ၍ ဇာတိရပ်ရွာများတွင် ပြန်လည်နေထိုင်ကြမည့် တိုင်းရင်းသားမိသားစုများ၏ စားဝတ်နေထိုင်ရေးကို မူလထက်သာလွန်ကောင်းမွန်အောင် စီစဉ်ဆောင်ရွက်လျက်ရှိသဖြင့် တိုင်းရင်းသားမိသားစုများက စိတ်ခတ်ကြံ့ခိုင်စွာ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ နယ်မြေဒေသအခက်အခဲများကြောင့် ရောက်ရှိလာကြသည့် ကျောင်းသားကျောင်းသူများအနေဖြင့်လည်း ပညာထူးချွန်စွာ တတ်မြောက်အောင် ကြိုးစားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက အားပေးစကားပြောကြားကြပြီး တိုင်းရင်းသားမိသားစုများက ဇာတိရပ်ရွာဒေသများ၌ ပြန်လည်နေထိုင်ရေးတွင် ကြုံတွေ့နေရသည့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း တင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မြစ်ကြီးနား၊ ဝိုင်းမော်နှင့် ဗန်းမော်မြို့နယ်များအတွင်းမှ မြစ်ကြီးနားမြို့သို့ နယ်မြေလုံခြုံရေးအရ ပြောင်းရွှေ့လာရောက်ကြသည့် တိုင်းရင်းသားမိသားစုများအတွက် နိုင်ငံတော်သမ္မတကြီးမှ လက်ဆောင်ပေးအပ်သည့် SKYNET DTH နှင့် ရုပ်သံပြစက်များ၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့ငွေကျပ် ၁၃၈၃၈၀၀၀၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ငွေကျပ် ၉၄၉၄၁၀၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ လှူဒါန်းငွေကျပ် ၁၀၀၅၀၀၀၀၊ ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာအစီအစဉ်(WFP)မှ တစ်လစာ ရိက္ခာများနှင့် မြစ်ကြီးနားမြို့ပေါ်ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းအမှတ်(၁)နှင့် (၂)တို့အတွက် ငွေကျပ်သိန်း ၁၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။ (သတင်းစဉ်)

GSM မိုဘိုင်းသုံးစွဲသူများ လက်ရှိ Postpaid မှ Prepaid စနစ်ဖြင့် ပြောင်းလဲဝန်ဆောင်မှုပေးမည့် အစီအစဉ်နှင့်ပတ်သက်၍ သတင်းထုတ်ပြန်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

GSM မိုဘိုင်းတယ်လီဖုန်း Postpaid စနစ်မှ Prepaid (ငွေဖြည့်ကတ်) စနစ်သို့ ပြောင်းလဲအသုံးပြုလိုသူများသည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ပေးပို့ထားသော SMS မှ YES ကိုနှိပ်၍လည်းကောင်း၊ နံပါတ် ၁၈၈၁၂ သို့ YES ဟု တိုက်ရိုက်ပေးပို့၍ လည်းကောင်း၊ ၁၅-၄-၂၀၁၂ ရက် ညနေ ၄ နာရီအတွင်း အကြောင်းပြန်ကြားပေးရမည်ဖြစ်သည်။

Prepaid စနစ်သို့ ပြောင်းလဲရန် အဆိုပြုထားသည့် GSM မိုဘိုင်းတယ်လီဖုန်းများကို သက်ဆိုင်ရာ GSM အိတ်ချိန်းနယ်မြေအလိုက် ၁-၃-၂၀၁၂ ရက်တွင် 09-20 ×××××, 09-21 ×××××, 09-22 ×××××, 09-23 ×××××, 09-24 ×××××, နှင့် 09-55 ××××× နံပါတ်များအား လည်းကောင်း ၁-၅-၂၀၁၂ ရက်မှစ၍ ကျန်ရှိသည့် နံပါတ်များအား လည်းကောင်း အဆင့်ဆင့် Prepaid စနစ်သို့ စတင်ပြောင်းလဲဝန်ဆောင်မှုပေးမည်ဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ရာတွင် GSM တယ်လီဖုန်းသုံးစွဲသူများ၏ Prepaid စနစ်အဖြစ် ပြောင်းလဲဝန်ဆောင်ပေးမည့် တယ်လီဖုန်းများ အကြောင်းအမျိုးမျိုးကြောင့် ဆက်သွယ်မှုမပြတ်တောက်စေရေးအတွက် ငွေကျပ် ၁၀၀၀ ကြိုတင်ဖြည့်တင်းပေးထားမည်ဖြစ်ပြီး ၎င်းအထဲမှ မိမိ ပြောဆိုသည့် မိနစ်အတိုင်း ကျသင့်သွားမည်ဖြစ်သည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် အဆိုပါ GSM ဖုန်းများကို ပြည်သူများ ဖုန်းပြောဆိုခပေးချေရမှု လွယ်ကူအဆင်ပြေစေရန် Prepaid စနစ်သို့ ပြောင်းလဲပေးခြင်းသာဖြစ်ပြီး သုံးစွဲသူများ၏ ယခင်ဖုန်းနံပါတ်များ ပြောင်းလဲမည်မဟုတ်ကြောင်း သိရသည်။

Prepaid စနစ်သို့ ပြောင်းလဲဝန်ဆောင်မှုရယူသည့် GSM မိုဘိုင်းတယ်လီ ဖုန်းများအနေဖြင့် မိမိနောက်ဆုံး Postpaid အဖြစ် သုံးစွဲစဉ်ကာလအထိ ခေါ်ဆိုထားသည့် တယ်လီဖုန်းခေါ်ဆိုခများကိုမူ ယခင်စနစ်များအတိုင်း ပေးချေရန်လိုအပ်ကြောင်း၊ ကြိုတင်ငွေပေးသွင်းထားသော GSM မိုဘိုင်းဖုန်းများသည် Prepaid စနစ်အဖြစ် ပြောင်းလဲဝန်ဆောင်မှုစတင်အသုံးပြုသည့်နေ့အထိ ပိုငွေရှိပါက ၎င်းပိုငွေကို Prepaid စနစ်သို့ ထည့်သွင်းဖြည့်တင်းပေးမည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၁၈၇၆(Call Center)သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာသည့် ဦးဂမ္ဘီရသည် ပြစ်မှုဆိုင်ရာဥပဒေများကို ချိုးဖောက်ရုံသာမက နိုင်ငံတော်အဆင့်ရှိ သံဃာအဖွဲ့အစည်းကိုပါ ထိပါးစော်ကားမှုများကျူးလွန်ခဲ့

ဘာသာအကျိုး၊ သာသနာအကျိုးနှင့် သာသနာတော်သန့်ရှင်းရေးအလို့ငှာ ဓမ္မစက်ဖြင့် ဆောင်ရွက်ရန် မဖြစ်နိုင်တော့သည့်အတွက် အာဏာစက်ဖြင့် ဆောင်ရွက်ရမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ ရှေ့မှောက်၌ ဦးဂမ္ဘီရ ဝန်ခံကတိလက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ဇန်နဝါရီ ၁၃ ရက်က အကျဉ်းထောင်မှ လွတ်မြောက်လာပြီး ယင်းနေ့တွင်ပင် သက်န်း ပြန်လည်ဝတ်ခွင့်ပြုပါရန် လျှောက်ထားတောင်းပန်မှုမရှိဘဲ ရဟန်းပြန်ဝတ်ခဲ့သည့် ဦးဂမ္ဘီရသည် နိုင်ငံတော်က တရားဥပဒေနှင့်အညီ ယခင်က ချိပ်ပိတ်ထားသော သင်္ဃန်းကျွန်းမြို့နယ် မဂ္ဂင်ကျောင်းတိုက်တွင် ခွင့်ပြုချက်မရှိဘဲ ကျူးကျော် ဝင်ရောက်နေထိုင်ခြင်း၊ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးဘုရားတိုက်ရှိ သာသနာ့သိပ္ပံကျောင်းတိုက်နှင့် သာသနာ့ဂုဏ်ရည် ကျောင်းတိုက်တို့၏ သော့များအား ရိုက်ဖျက်ဖွင့်လှစ်ခဲ့ခြင်းတို့ကို ကျူးလွန်ခဲ့သဖြင့် သက်ဆိုင်ရာက အမှုဖွင့်၍ အရေးယူရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ ဩဝါဒခံယူရန် ဦးဂမ္ဘီရအား (၃)ကြိမ်တိုင် ခေါ်ယူခဲ့သော်လည်း လာရောက်ခြင်းမရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၁၀ ရက်တွင် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အစည်းအဝေးခန်းမသို့ ခေါ်ယူခဲ့ရကြောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသက ဆရာတော်ကြီးများ၏ ဩဝါဒခံယူရန် မိန့်ကြားခဲ့ကြောင်းနှင့် လမ်းညွှန်ဆုံးမ ဩဝါဒများအတိုင်း လိုက်နာသီတင်းသုံးနေထိုင်ရန်နှင့် ဝန်ခံကတိပြုချက်များကို ဖောက်ဖျက်ကျူးလွန်ပါက သံဃာအဖွဲ့အစည်းဆိုင်ရာ ဥပဒေအရ လည်းကောင်း၊ တည်ဆဲဥပဒေများအရ လည်းကောင်း အရေးယူခံရမည်ဖြစ်သည်ကို ဝန်ခံကတိလက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ဦးဂမ္ဘီရသည် ဝန်ခံကတိပြုလက်မှတ်ရေးထိုးခဲ့သော်လည်း သံဃာထုတစ်ရပ်လုံး၏ကိုယ်စား အချက် (၁၀)ချက်ပါစာကို လျှောက်ထားခွင့်ပြုပါရန် ဆရာတော်ကြီးများအား တင်ပြခဲ့ကြောင်း၊ ဆရာတော်ကြီးများက ခွင့်ပြုခဲ့သည့်အတွက် လျှောက်ထားခဲ့ရာ ဦးဂမ္ဘီရက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ၎င်းအား ပေးပို့သော အကြောင်းကြားစာပါ "ခွင့်ပြုချက်မရှိဘဲ ပြစ်မှုကျူးလွန်နေသော" ဟူသည့် စကားရပ်ကို ကန့်ကွက်ကြောင်း၊ ရွှေညဝါဘုန်းကြီး ဦးပညာသီဟအား သာခု ဗုဒ္ဓတက္ကသိုလ်ကျောင်းတိုက်မှ တစ်လအတွင်း ထွက်ခွာရန် နှင်ထုတ်ခြင်းကို ကန့်ကွက်ကြောင်း၊ အကျဉ်းသား ၄၁၅ ဦးတွင် ပါဝင်သော ရဟန်း ၄၃ ပါးအား အကျဉ်းထောင်မှ လွတ်မြောက်ရန် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ဆောင်ရွက်ပေးခြင်းမရှိသဖြင့် အလေးအနက်ရှုတ်ချကြောင်း စသည်တို့ ပါဝင်သည်။

ထို့ပြင် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများက ဝိနည်းတော်နှင့်အညီ သင်္ကန်းပြန်လည်ဝတ်ခွင့်ပြုရန် လျှောက်ထားလွှာတင်သွင်းရေး မိန့်ကြားခဲ့သော်လည်း ဦးဂမ္ဘီရက "၎င်းကိစ္စမှာ မိမိလို သံဃာတစ်ပါးအတွက် လိုအပ်မည်မထင်ကြောင်းနှင့် သင်္ကန်းဝတ်ခွင့်ပြုရန် လျှောက်ထားသွားမည်မဟုတ်ကြောင်း" ပြန်လည်ပြောကြားခဲ့သည်။

ဦးဂမ္ဘီရ၏ လျှောက်ထားချက်များသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား ထိပါးစော်ကားမှုပြုပြီး ဂုဏ်သိက္ခာကျဆင်းစေရန် အတင့်ရဲစွာ ဆောင်ရွက်လာခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

ဦးဂမ္ဘီရ၏ ဆောင်ရွက်မှုများသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ပညာဂုဏ်၊ သီလဂုဏ်၊ သမာဓိဂုဏ်များကိုပါ ထိပါးစေရုံသာမက သံဃာထုအား ဝိနည်း စည်းမျဉ်းစည်းကမ်း၊ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများနှင့် ထိန်းသိမ်းရန် အခက်အခဲရှိလာစေမည်ဖြစ်သည်။ ထို့မျှမက သက်တော်၊ ဝါတော်၊ ပညာဂုဏ်၊ သီလဂုဏ်၊ သမာဓိဂုဏ်တို့နှင့် ပြည့်စုံသော ဆရာတော်ကြီး(၄၇)ပါးဖြင့် စနစ်တကျဖွဲ့စည်းထားသော နိုင်ငံတော်အဆင့်ရှိ သံဃာ့အဖွဲ့အစည်းအား "ကန့်ကွက်ခြင်း၊ ရှုတ်ချခြင်း" ဆိုသည့် သုံးနှုန်းထိပါးစော်ကားမှုများကို လျစ်လျူရှုပါက မစင်ကြယ်သောရဟန်းများ၊ ပုဂ္ဂိုလ်များအတွက် ပိုမိုအတင့်ရဲလာစေနိုင်သည့် အလားအလာရှိကြောင်း တွေ့ရသည်။

ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများအနေဖြင့် စိတ်မချမ်းမသာဖြစ်ကြရပြီး ဓမ္မစက်ဖြင့် ဆောင်ရွက်ရန် မဖြစ်နိုင်တော့သည့်အတွက် အာဏာစက်ဖြင့် ဆောင်ရွက်ရမည်သာဖြစ်ကြောင်း သဘောထားဆန္ဒရှိတော်မူကြသည်။

သို့ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဂုဏ်သိက္ခာမြင့်မားပြီး ဘာသာအကျိုး၊ သာသနာအကျိုးနှင့် သာသနာတော်သန့်ရှင်းရေးကို ပိုမိုဆောင်ရွက်နိုင်စေရေးအတွက် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများကို အကြိမ်ကြိမ်ချိုးဖောက်ပြီး နိုင်ငံသူ နိုင်ငံသားတိုင်းလိုက်နာရမည့် တရားဥပဒေကို အကြိမ်ကြိမ် ဖောက်ဖျက်ကျူးလွန်သည့်အပြင် ရဟန်းနှင့်မအပ်စပ်သည့် နိုင်ငံရေးမှိုင်းမိကာ ထင်ရာစိုင်းနေသော ဦးဂမ္ဘီရ(ခ) စန္ဒောဘာသ(ခ) ညီညီလွင်(၃၃)နှစ်အား ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများ၊ ပြစ်မှုဆိုင်ရာဥပဒေများနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နမ့်ခမ်းမြို့နယ်အတွင်း မိုင်းပေါက်ကွဲမှုဖြစ်ပွား

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ဖေဖော်ဝါရီ ၁၅ ရက် ညနေ ၆ နာရီ မိနစ် ၂၀ ခန့်တွင် နမ့်ခမ်းမြို့နယ် ရွှေလီကြိုးတံတား၏ အနောက်ဘက် တစ်မိုင်ခန့်အကွာ ဟန်ကမ်းကျေးရွာနှင့် မန့်မြိုင်ကျေးရွာအကြား နမ့်ခမ်းမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အလုပ်သမားများ၏ ရပ်ထားသော လုပ်ငန်းသုံးယာဉ်အောက် မြေကြီးအတွင်းမှ ဝါယာကြိုးစတစ်ချောင်းတွေ့ရှိရပြီး ၎င်းတို့ထွက်ခွာ၍ ကိုက် ၁၀၀ ခန့်အရောက်တွင် အဆိုပါဝါယာကြိုးတွေ့ခဲ့သည့်နေရာမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ သို့သော် လူ၊ တိရစ္ဆာန်နှင့် ပစ္စည်းထိခိုက်ဆုံးရှုံးမှု မရှိခဲ့ကြောင်း သိရှိရသည်။

ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၇ နာရီ ၄၅ မိနစ်ခန့်တွင် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ နမ့်ခမ်းမြို့နယ် မန့်မြိုင်ကျေးရွာ ဘုန်းကြီးကျောင်းအဝင် ပေ ၁၀၀ ခန့်အကွာ လမ်းဘေးမြေအတွင်းမှ ဆိုင်ကယ်ဘက်ထရီအိုးဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်းတစ်လုံးအား အနက်ရောင်ပလတ်စတစ်ဖြင့် ထုပ်လျက် တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်။

ပထမဖြစ်စဉ်မှ မိုင်းပေါက်ကွဲရာနေရာတွင် အကျယ်နှစ်ပေပတ်လည်ခန့် မြေကျင်းတစ်ခုနှင့် အနီးရှိ သစ်ပင်များ မိုင်းစထိမှန်ထားပြီး ဆိုင်ကယ်ဘက်ထရီအိုးပျက် တစ်လုံး၊ ပလတ်စတစ်စများ၊ တစ်မတ်လုံးသံချောင်း အရှည် ငါးလက်မခန့် သံတိုသံစများနှင့် ဆိုင်ကယ်ဘောစေ့များအား တွေ့ရှိသိမ်းဆည်းခဲ့ရသဖြင့် အဆိုပါဖြစ်စဉ်နှစ်ခုမှ မိုင်းများမှာ အမျိုးအစားတူညီကြောင်း သိရသည်။

သို့ဖြစ်ရာ အကြမ်းဖက် သောင်းကျန်းသူများသည် ပြည်သူအများသေကျေထိခိုက်ဒဏ်ရာရစေရန် ရည်ရွယ်ချက်ဖြင့် သံတိုသံစများ၊ ဘောစေ့များပါ အသုံးပြု၍ လက်လုပ်မိုင်းများ လုပ်ဆောင်လာကြောင်း စိစစ်တွေ့ရှိရာ ပြည်သူများအနေဖြင့် မသင်္ကာဖွယ်ရာပစ္စည်းများ၊ အခြေအနေများတွေ့ရှိရပါက တာဝန်ရှိသူများထံ အမြန်ဆုံး သတင်းပေးပို့သွားကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အနောက်အုပ်စု၏အကြံအစည်များကို သတိမူကြရန် အီရန်နှင့် ပါကစ္စတန်သမ္မတတို့ တိုက်တွန်း

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၁၈

အနောက်အုပ်စုနိုင်ငံများ၏ အကြံအစည်များကို ဒေသတွင်းရှိ နိုင်ငံများက သတိဝီရိယဖြင့် လေ့လာစောင့်ကြည့်ကြရန် အီရန်နှင့်ပါကစ္စတန်သမ္မတတို့က ဖေဖော်ဝါရီ ၁၆ ရက်တွင် တိုက်တွန်းလိုက်ကြသည်။

တက်ရောက်ခဲ့

အီရန်သမ္မတ အာမက်ဒီနီဂျက်သည် ပါကစ္စတန်နိုင်ငံမြို့တော် အစ္စလာမ္မာဘတ်သို့ ဖေဖော်ဝါရီ ၁၆ ရက်တွင် ရောက်ရှိလာခဲ့ပြီး အီရန်၊ ပါကစ္စတန်နှင့် အာဖဂန်နစ္စတန် သမ္မတတို့၏ သုံးပွင့်ဆိုင်ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

အီရန်သမ္မတ အာမက်ဒီနီဂျက်၊ ပါကစ္စတန်သမ္မတ အဆစ်အလီဇာဒါရီနှင့် အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းတို့သည် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အနောက်အုပ်စုနိုင်ငံများသည် ဒေသတွင်း၌ ၎င်းတို့၏ တည်ရှိမှုခိုင်မာစေရန် မွတ်စလင်နိုင်ငံများအတွင်း အကွဲအပြဲများဖြစ်ပေါ်လာအောင် လုပ်ကြံဖန်တီးနေကြကြောင်း အီရန်နှင့်ပါကစ္စတန်သမ္မတတို့က အလွတ်သဘော တွေ့ဆုံဆွေးနွေးရာတွင် ပြောဆိုခဲ့ကြသည်။

အီရန်သမ္မတသည် အစ္စလာမ္မာဘတ်၌ ရှိနေချိန်အတွင်း ပါကစ္စတန်ဝန်ကြီးချုပ် ယူဆွတ်ရာဇာဂီလာနီနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။ နှစ်နိုင်ငံ စွမ်းအင်လုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် အီရန်နှင့် ပါကစ္စတန်အကြီးအကဲများက သဘောတူညီခဲ့ကြသည်။ ***အင်တာနက်။***

ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့၌ ကျင်းပသော ဒေသတွင်းထိပ်သီး စည်းဝေးပွဲတစ်ရပ်၌ ပါကစ္စတန်၊ အာဖဂန်နစ္စတန်နှင့် အီရန် ခေါင်းဆောင်များကို တွေ့ရစဉ်။

အဟန့်အတားပြုလက်နက်အဖြစ် အစ္စရေး၌နျူလက်နက်ရှိသင့်ဟုဆို

အစ္စရေးနိုင်ငံ ဒီမိုဟာမြို့ရှိ နျူကလီးယား သုတေသနစက်ရုံကို တွေ့ရစဉ်။

ရီယာ့ဒ် ဖေဖော်ဝါရီ ၁၈

အစ္စရေးနိုင်ငံသည် အဟန့်အတားပြု လက်နက်အဖြစ် နျူကလီးယားလက်နက်ကို ပိုင်ဆိုင်သင့်ကြောင်း ဆော်ဒီအာရေဗျနိုင်ငံရှိ နိုင်ငံပိုင်သတင်းစာတစ်စောင်က ဖေဖော်ဝါရီ ၁၇ ရက်တွင် ရေးသားဖော်ပြလိုက်သည်။

အီရန်နိုင်ငံသည် ၎င်း၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ တိုးတက်အောင်မြင်မှုများရရှိနေသည်ဟု ထုတ်ပြန် ကြေညာလိုက်ပြီးနောက် ဆော်ဒီအာရေဗျနိုင်ငံရှိ အယ်လ်-ရီယာ့ဒ်အမည်ရှိ သတင်းစာက အထက်ပါအတိုင်း ဖော်ပြခြင်းဖြစ်သည်။

အစ္စရေးနိုင်ငံ၌ နျူကလီးယားလက်နက်တိုက်တည်ရှိရန် လိုအပ်ကြောင်း၊ အစ္စရေးနိုင်ငံသည် အာရပ်နိုင်ငံများနှင့် ကာလကြာရှည်သော စစ်ပွဲများကို ဆင်နွှဲနိုင်ခြင်းမရှိကြောင်း၊ ယင်းနိုင်ငံအနေဖြင့် အဟန့်အတားပြု လက်နက်အဖြစ် နျူကလီးယားလက်နက်တိုက်ကို ထားရှိသင့်ကြောင်း ဆော်ဒီနိုင်ငံပိုင် သတင်းစာ၏ ခေါင်းကြီးပိုင်းတွင် ရေးသားဖော်ပြထားသည်။

အဆိုပါရေးသားဖော်ပြချက်ကြောင့် ပါရှန်ပင်လယ်ကွေ့ရှိ ဆော်ဒီအာရေဗျနိုင်ငံအတွင်း ဒေါသတကြီးဝေဖန်မှုများ ပေါ်ထွက်ခဲ့သည်။

အင်တာနက်။

ဒစ်ဂျစ်တယ်နည်းပညာဖြင့် ဘာသာစကားမျိုးသုဉ်းမှုကို ကာကွယ်ပေးနိုင်

ဗင်ကူးဗား ဖေဖော်ဝါရီ ၁၈

ဒစ်ဂျစ်တယ်နည်းပညာသည် ပျောက်ကွယ်လုနီးပါးဖြစ်နေသော ကမ္ဘာ့ဘာသာစကားများအတွက် ကယ်တင်ရှင်အသစ်ဖြစ်လာကြောင်း ဘာသာဗေဒပညာရှင်များက ဖေဖော်ဝါရီ ၁၇ ရက်တွင် သုံးသပ်ပြောကြားခဲ့ကြသည်။

ယဉ်ကျေးမှုအပြောင်းအလဲများ၊ လူမျိုးစုငယ်များကို နှိမ့်ချဆက်ဆံမှုများ၊ အစိုးရ၏ဖိနှိပ်မှုများနှင့် အခြားသောအကြောင်းရင်းခံများကြောင့် ကမ္ဘာပေါ်၌ ယနေ့သုံးစွဲလျက်ရှိသည့် ဘာသာစကားအမျိုးအစား ၇၀၀၀ မျှအနက် ထက်ဝက်ခန့်မှာ နှစ် ၁၀၀ အတွင်း ပျောက်ကွယ်ရမည့်အခြေအနေရှိကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားကြသည်။

ရှောင်လွှဲနိုင်မည်

သို့ရာတွင် ခေတ်သစ်နည်းပညာများကို အသုံးပြုခြင်းအားဖြင့် ဘာသာစကားမျိုးသုဉ်းမှုအား ရှောင်လွှဲနိုင်မည်ဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စု ဖီလာဒဲဖီးယားမြို့ ဆွပ်သ်မိုးတက္ကသိုလ်မှ ဘာသာဗေဒပညာရှင် ဒေးဗစ်ဟာရီဆင်က ပြောကြားခဲ့သည်။

ဖြန့်ဝေပေးနိုင်

ကမ္ဘာ့တစ်နေရာတည်း၌သာ တည်ရှိ၍ လူ ၅၀ မှ ၁၀၀ အကြားသာသုံးစွဲသည့်ဘာသာသာစကားမျိုးကိုပင် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ တစ်ကမ္ဘာလုံးသို့ဖြန့်ဝေပေးနိုင်ကြောင်း ဒေးဗစ်ဟာရီဆင်က သုံးသပ်ခဲ့သည်။

ဒစ်ဂျစ်တယ်နည်းပညာများတွင် အကျုံးဝင်သော i Phones၊ ဖေ့စ်ဘွတ်ခ်စာမျက်နှာများ၊ Online သင်ခန်းစာများနှင့် အင်တာနက်ဝက်ဘ်ဆိုက်အခြေပြု အဘိဓာန်နှင့် တေးသီချင်းများကြောင့် မြောက်အမေရိက ဂရိတ်လိတ်ခ်ဒေသရှိ အဘိုးရီးဂျင်းလူမျိုးစုများသုံးစွဲခဲ့သည့် ဘာသာစကားတစ်မျိုးအား ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ကြောင်း ဘာသာဗေဒပညာရှင်များက သာဓကဆောင်ခဲ့ကြသည်။

တစ်ချိန်က အဘိုးရီးဂျင်းလူမျိုးစု ၂၀၀ ကျော်တို့၏ မိခင်ဘာသာစကားဖြစ်ခဲ့ဖူးသော Anishinaabemowin အမည်ရှိ ဘာသာစကားတစ်မျိုးသည် ယခုအခါ လူ ၅၀၀၀ ဝန်းကျင်မျှသာပြောဆို အသုံးပြုနိုင်သည့် ဘာသာစကားအဖြစ် ပြောင်းလဲခဲ့ရသည်။ ***အင်တာနက်။***

အမေရိကန်သမ္မတလေယာဉ်အနီး ချဉ်းကပ်လာသော လေယာဉ်ငယ်ကို ကြားဖြတ်ဟန့်တားခဲ့ရ

ဆန်ဖရန်စစ္စကို ဖေဖော်ဝါရီ ၁၈

အမေရိကန်ပြည်ထောင်စုလော့စ်အိန်ဂျလိစ်မြို့နိုင်ငံတကာလေဆိပ်၏ လေယာဉ်ပြေးလမ်းပေါ်၌ ယနေ့ နံနက်ပိုင်းက သမ္မတစီးနင်းသော အဲယားဖို့(စ်) ဝမ်းလေယာဉ်ရပ်နားနေစဉ် တားမြစ်လေကြောင်းပိုင်နက်အတွင်းသို့ ပုဂ္ဂလိကပိုင် လေယာဉ်ငယ်တစ်စင်း ကျူးကျော်ဝင်ရောက်လာသဖြင့် နိုင်ငံမြောက်ပိုင်းလေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့မှ အက်ဖ်-၁၆လေယာဉ်နှစ်စင်းက ကြားဖြတ်ဝင်ရောက် တားဆီးခဲ့ရသည်။

ဆန်ဖရန်စစ္စကိုမြို့သို့ သမ္မတအိုဘားမား ထွက်ခွာရန် မစီစဉ်ရသေးမီ မိနစ်ပိုင်းအတွင်း အဆိုပါဖြစ်ရပ် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ သမ္မတ၏လေယာဉ်သည် ပြဿနာတစ်စုံတစ်ရာမျှမရှိဘဲ နံနက် ၁၁ နာရီ မိနစ် ၄၀တွင် ထွက်ခွာခဲ့သည်။

မြောက်ပိုင်းတပ်ဖွဲ့မှ ထုတ်ပြန်သော ကြေညာချက်အရ ဆက်စနာ-၁၈၂ အမျိုးအစားလေယာဉ်ငယ်ကို ၎င်းတို့၏ ဂျက်တိုက်လေယာဉ်များက ကြားဖြတ်ဟန့်တား၍ လောင်းဘိချ်လေဆိပ်သို့ ဆင်းသက်စေခဲ့ကာ အမေရိကန်လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့နှင့် ဥပဒေထိန်းသိမ်းစောင့်ရှောက်ရေးတာဝန်ရှိသူများနှင့် တွေ့ဆုံစေခဲ့ကြောင်း သိရသည်။

လေယာဉ်မောင်းသူများကို အေးဂျင့်များက စစ်ဆေးမေးမြန်းပြီး လောင်းဘိချ်ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့သည်ဟု ဆိုသည်။

လေယာဉ်မောင်းသူ၏လက်ဝယ်တွင် မူးယစ်ဆေးဝါးများတွေ့ရှိရသည်ဟု ထောက်လှမ်းရေးအဖွဲ့က ပြောကြား၍ ရဲတပ်ဖွဲ့ကလည်း ယင်းလေယာဉ်ငယ်သည် ဆေးခြောက်ပေါင် ၄၀ သယ်ဆောင်လာသည်ဟု အေဘီစီသတင်းဌာနသို့ အတည်ပြုခဲ့သည်။ ***အင်တာနက်။***

အီရန်ရေတပ်သင်္ဘောများ စူးအက်တူးမြောင်းမှတစ်ဆင့် မြေထဲပင်လယ်သို့ဝင်ရောက်

ကိုင်ရို ဖေဖော်ဝါရီ ၁၈

အီရန်စစ်သင်္ဘောနှစ်စင်းသည် အီဂျစ်နိုင်ငံ စူးအက်တူးမြောင်းကို ဖြတ်သန်း၍ မြေထဲပင်လယ်အတွင်းသို့ ဦးတည်ခုတ်မောင်းလျက်ရှိရာ အစ္စရေးနိုင်ငံက အနီးကပ်စောင့်ကြည့်ရဖွယ်ရှိသည့် ဖြစ်ရပ်တစ်ခုဖြစ်လာနိုင်ကြောင်း ဖေဖော်ဝါရီ ၁၈ ရက်သတင်းများတွင် ဖော်ပြထားသည်။

အီဂျစ်လက်နက်ကိုင်တပ်ဖွဲ့၏ ခွင့်ပြုချက်အရ အီရန်စစ်သင်္ဘောနှစ်စင်းသည် စူးအက်တူးမြောင်းကို ဖြတ်သန်းခုတ်မောင်းသွားကြောင်း တူးမြောင်းအာဏာပိုင်အဖွဲ့၏ သတင်းအရင်းအမြစ်တစ်ရပ်က သောကြာနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါအီရန်စစ်သင်္ဘောများသည် ဖျက်သင်္ဘောတစ်စင်းနှင့် ထောက်ပံ့ရေးသင်္ဘောတစ်စင်းတို့ဖြစ်ပြီး ဆီးရီးယားနိုင်ငံ ကမ်းရိုးတန်းရေပြင်သို့ ဦးတည်ခုတ်မောင်းနေခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

အီရန်နှင့် ဆီးရီးယားနိုင်ငံတို့သည် ရေတပ်လေ့ကျင့်မှုများ ပူးပေါင်းဆောင်ရွက်ရန် လွန်ခဲ့သောနှစ်က သဘောတူညီထားကြသည်။

လွန်ခဲ့သောနှစ် ဖေဖော်ဝါရီ ၁၇ ရက်ကလည်း အီရန်စစ်သင်္ဘောများသည် စူးအက်တူးမြောင်းကို ဖြတ်သန်းခုတ်မောင်းခဲ့ကြရာ ရန်စလှုံ့ဆော်သည့် အပြုအမူအဖြစ် အစ္စရေးနိုင်ငံက ခေါ်ဆိုခဲ့သည်။ဆီးရီးယားနှင့် အီရန်တို့သည် အစ္စရေးနိုင်ငံအား ရန်လိုနေသည့် နိုင်ငံများဖြစ်ကြသည်။ ***ရိုက်တာ။***

အီဂျစ်နိုင်ငံ စူးအက်တူးမြောင်းကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဖြတ်သန်း၍ မြေထဲပင်လယ်ဒေသသို့ ခုတ်မောင်းခဲ့သော အီရန်စစ်သင်္ဘောတစ်စင်းကို တွေ့ရစဉ်။

ဖူးခက်ကျွန်းရှိ ဟိုတယ်၌ကလိုရင်းယိုစိမ့်မှုဖြစ်ပွား

ဗန်ကောက် ဖေဖော်ဝါရီ ၁၈

ထိုင်းနိုင်ငံ အပန်းဖြေစခန်းများတည်ရှိရာ ဖူးခက်ကျွန်းရှိ ဟိုတယ်တစ်လုံး၌ ရေကူးကန်တွင် ကလိုရင်းယိုစိမ့်မှုဖြစ်ပွားရာမှ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည် အများအပြားအပါအဝင် လူပေါင်း ၃၀ ကျော် နာမကျန်းဖြစ်ရကြောင်း တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၈ ရက်တွင် ပြောကြားသည်။

ကာရွန်းပင်လယ်ကမ်းခြေရှိ ဖူးခက်အောကစ်ဟိုတယ်၌ ဖေဖော်ဝါရီ ၁၈ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီက ဟိုတယ်ရေကူးကန်တွင် ကလိုရင်းယိုစိမ့်မှု ဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့စုံစမ်းစစ်ဆေးရေးအဖွဲ့က ပြောကြားသည်။ဟိုတယ်ရှိရေကူးကန်၌ ကလိုရင်း ယိုစိမ့်မှုဖြစ်ပွားခဲ့ပြီး နောက် နာမကျန်းဖြစ်လာသူ ၃၀ ကျော်ကို ဆေးရုံသို့ တင်ပို့ ပေးလိုက်ရသည်။

ကလိုရင်းယိုစိမ့်မှုကြောင့် အရေပြားယားယံခြင်းနှင့် မျက်စိနာခြင်းတို့ကို ခံစားကြရကြောင်း ရဲတပ်ဖွဲ့က ပြောကြား သည်။ ဆေးရုံသို့ တင်ပို့ပေးလိုက်ရသူ ၃၇ ဦးအနက် ၂၆ ဦးမှာ နိုင်ငံခြားသားများ ဖြစ်ကြသည်။ **အင်တာနက်။**

❍ **ရှေးဟောင်းယဉ်ကျေးမှုမှ**

ဃင်းအပိုင်းတွင် အုတ်၊ ကျောက်၊ သစ်သားတို့ဖြင့် တည်ဆောက်ထားသော ရှေးဟောင်းအမွေအနှစ်များ၊ အင်္ဂတေပန်း၊ ရုပ်လုံးကြွ၊ ကျောက်စာ၊ စဥ့်ကွင်းများ၊ နံရံဆေးရေးပန်းချီ၊ မင်စာ၊ ဇာတာခွင်များကို ရေရှည်တည်တံ့အောင် Preservation၊ Conservation၊ Restoration၊ Renovation မည်သို့ဆောင်ရွက်ကြမည်၊ ခေတ်မီနည်းများဖြင့် မည်သို့ပေါင်းစပ်ဆောင်ရွက်ကြမည်ဆိုသည်ကို ဆွေးနွေးအဖြေရှာကြရန်ဖြစ်ကြောင်း၊ အပိုင်း(၂)မှာ အသစ်တိုးမြှင့် တည်ဆောက်ခြင်းဖြစ်ပြီး ၎င်းတွင် ပုဂံရှေးဟောင်းဒေသကို နိုင်ငံတကာကဲ့သို့ Historical Park (သို့မဟုတ်) Archaeological Parkအဖြစ် တည်ဆောက်နိုင်ရေးအတွက် ရှေးဟောင်းမှုများကို မထိခိုက်စေဘဲ လမ်း၊ မြေယာရှုခင်း၊ လျှပ်စစ်မီး၊ သန့်စင်ခန်းများ၊ အမှတ်တရ ပစ္စည်းအရောင်းဆိုင်များ၊ အဆာပြေစားသောက်ဆိုင်များ၊ ယာဉ်ရပ်နားရန်နေရာများ စသည်တို့ကို မည်သို့တည်ဆောက်ကြမည်ကို ဆွေးနွေးလျာထားကြရန် ဖြစ်ကြောင်း၊ အပိုင်း(၃)မှာ မှတ်တမ်းများ ပြုစုထိန်းသိမ်းခြင်းဖြစ်ပြီး ၎င်းတွင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ရေရှည်ထိန်းသိမ်းထားနိုင်ရေးအတွက် Printed Media၊ Digital Format၊ Video Format တို့ဖြင့် ပြုစုမှတ်တမ်းတင်ထားရန်နှင့် Internet Website တစ်ခု တည်ဆောက်လွှင့်တင်၍ ကမ္ဘာက ပိုမိုကျယ်ပြန့်စွာ လေ့လာနိုင်အောင် ဆောင်ရွက်ပေးရန် ဖြစ်ကြောင်း၊ အပိုင်း(၄)မှာ သုတေသနပြုလုပ်ခြင်းဖြစ်ပြီး ၎င်းတွင် ရှေးဟောင်းအမွေအနှစ်များ ပြုပြင်ရေး၊ ထိန်းသိမ်းရေးဆိုင်ရာ သုတေသနလုပ်ခြင်း၊ တိမ်မြုပ်နေသေးသော ရှေးဟောင်းအမွေအနှစ်များ လေ့လာသုတေသနပြုလုပ် ဖော်ထုတ်ခြင်းတို့ ပါဝင်မည်ဖြစ်ကြောင်း၊ အပိုင်း(၅)မှာ ရှေးဟောင်းအမွေအနှစ်များကို ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုစာရင်း (World Heritage List) ဝင်ဖြစ်အောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ၎င်းကိစ္စ ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံ၏ ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းရေးမူဝါဒနှင့်အညီသာ ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အပိုင်း (၆)မှာ ထိန်းသိမ်းခြင်းဖြစ်ပြီး ၎င်းလုပ်ငန်းမှာ အပိုင်း(၅)ပိုင်းဖြင့် ဆောင်ရွက်ထားမှုများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းအပိုင်းဖြစ်ပြီး ၎င်းတွင် အထွေထွေစီမံဆောင်ရွက်ခြင်း၊ ယဉ်ကျေးမှုနယ်မြေအတွင်း သန့်ရှင်းရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အဓိကဆောင်ရွက်ရမည်ဖြစ်ကြောင်း။

အထက်ပါလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်၏ အားတစ်ခုတည်းဖြင့် မလုံလောက်ဘဲ စေတနာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ NGO အဖွဲ့များ၊ ပြည်သူများနှင့် နိုင်ငံတကာတို့၏ အားများကို ရယူဆောင်ရွက်နိုင်ရန် နည်းလမ်းရှာကြံကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် UNESCO အပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများ၊ ပညာရှင်များ၊ ပြည်သူများ၊ မိမိတို့၏ ရှေးဟောင်းယဉ်ကျေးမှု ပြုပြင်ထိန်းသိမ်းရေး မူဝါဒနှင့်အညီ ပူးပေါင်းဆောင်ရွက်လိုသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတိုင်းနှင့် ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ပညာရပ်နယ်ပယ်စုံမှ ပညာရှင်များပါဝင်သော အကြံပေးအဖွဲ့ ဖွဲ့စည်းပြီး အကြံဉာဏ်များ ရယူဆောင်ရွက်ရန်ပါ မျှော်မှန်းထားပါကြောင်း။

သို့ပါ၍ မိမိ၏ မျှော်မှန်းအကြံပြုချက်များအပေါ် အခြေခံ၍ ပညာရှင်များက ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးညှိနှိုင်း နည်းလမ်းများရှာကြံပေးကြရန် မေတ္တာရပ်ခံပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ပျက်စီးယိုယွင်းမှုအခြေအနေနှင့် လက်ရှိပြုပြင် ထိန်းသိမ်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများသည် ပုဂံရှေးဟောင်းသုတေသနပြတိုက် ပင်မခန်းမဆောင်ကြီးတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့ပြီး ညောင်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နည်းပညာတက္ကသိုလ်များမှ ပါမောက္ခများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် မြန်မာနိုင်ငံ ဗိသုကာပညာရှင်အသင်းတို့မှ ဥက္ကဋ္ဌများ၊ အမှုဆောင်များနှင့် ပညာရှင်များ တက်ရောက်ပါဝင်ဆွေးနွေးခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပုဂံရှေးဟောင်းကျေးမှုဒေသကို Historical Park (သို့မဟုတ်) Archaeolo gical Park တည်ဆောက်ရေးအတွက် အခြေခံစဉ်းစားရမည့် အချက်များ၊ လိုအပ်ချက်များ၊ ရှေးဟောင်းအဆောက်အအုံများ ပြန်လည်မွမ်းမံထိန်းသိမ်းမှုလုပ်ငန်းများနှင့် သက်ဆိုင်သည့် စည်းမျဉ်းစံနှုန်းများနှင့် ဆောင်ရွက်လျက်ရှိသော ထိန်းသိမ်းရေးလုပ်ငန်းများဆိုင်ရာ သီအိုရီများ၊ ပျူခေတ်နှင့် ပုဂံခေတ် စေတီပုထိုးများ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းအတွေ့အကြုံများ၊ ရှေးဟောင်းအဆောက်အအုံများ မိုးရေကြောင့် ထိခိုက်ပျက်စီးမှုနှင့် ကာကွယ်ထိန်းသိမ်းရန် နည်းလမ်းများ၊ ပျူခေတ် ဘောဘောကြီးစေတီတော်၏ ဗိသုကာလက်ရာများအား ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ၊ ပုဂံဒေသရှိ ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းတွင် လက်တွေ့ဆောင်ရွက်မှုနှင့် ကြုံတွေ့ရသော အခက်အခဲပြဿနာများ၊ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်း စီမံခန့်ခွဲမှုအစီအစဉ်နှင့်ပတ်သက်၍ ရွှေစည်းခုံစေတီနှင့် ပတ်ဝန်းကျင်အား အထူးပြုလေ့လာချက်များ၊ ပုဂံဒေသရှိ ရှေးဟောင်းစေတီပုထိုးများ၏ အဆောက်အအုံတည်ဆောက်မှုဆိုင်ရာအမြင်နှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသရှိ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများ၏ ဗိသုကာအမွေအနှစ်တို့အား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ စသည့်အကြောင်းအရာတို့နှင့် စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးကြပြီး ဆွေးနွေးချက်များ၊ အကြံပြုချက်များ၊ သုံးသပ်ဆွေးနွေးချက်များအရ Master Plan ရေးဆွဲနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများသည် ဖေဖော်ဝါရီ ၁၆ ရက်တွင် ပုဂံမြို့ရှိ ရှေးဟောင်းစေတီပုထိုးများကို လက်တွေ့ကွင်းဆင်း လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချင်းပြည်နယ် ဟားခါးမြို့နယ် ဖိုင်-ခွာဘဲကျေးရွာချင်းဆက် ကားလမ်းနှင့် ဒေါင်ချောင်းတံတားဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

(၆၄)နှစ်မြောက် ချင်းပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက် ၉ နာရီတွင် ချင်းပြည်နယ် ဟားခါးမြို့နယ် ဖိုင်-ခွာဘဲ ကိုယ့်အားကိုယ်ကိုး ကျေးရွာချင်းဆက် ကားလမ်းနှင့် ဒေါင်ချောင်းတံတားဖွင့်ပွဲကို အဆိုပါတံတားရှေ့၌ ကျင်းပရာ **(ယာပုံ)** ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း တက်ရောက်ရာ ကားလမ်းနှင့် တံတားဖွင့်ပွဲအခမ်းအနားကို ပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဦးရမ်မန်းနှင့် ဖိုင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဟရမ်လွှင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက လမ်းနှင့်တံတားကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ဖိုင်ကျေးရွာ အစည်းအဝေးခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ကျေးရွာချင်းဆက်လမ်း/တံတားကောင်းမွန်မှသာ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ပြည်နယ် ဆင်းရဲမှုလျှော့ချနိုင်ရန် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကိုယ့်အားကိုယ့်ကိုး ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

အဆိုပါ ဒေါင်ချောင်းတံတားမှာ အကျယ် ၁၀ ပေနှင့် အရှည် ၂၁ ပေရှိပြီး ကျေးလက်နေပြည်သူများ ထည့်ဝင်ငွေ ကျပ်သိန်း ၆၀ အကုန်အကျခံဆောက်လုပ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မြတ်ဗုဒ္ဓသာသနာတော် နှစ်(၂၆၀၀)ပြည့် အထိမ်းအမှတ် (ပြည်သူ့ရင်ပြင်)ဓမ္မသဘင် ဆက်လက်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

မြတ်ဗုဒ္ဓသာသနာတော် နှစ် (၂၆၀၀) ပြည့်အထိမ်းအမှတ် ဓမ္မသဘင်ကို ဒဂုံမြို့နယ် ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၁ ရက်အထိ ည ၇ နာရီခွဲတွင် ညစဉ် ကျင်းပလျက်ရှိရာ ဖေဖော်ဝါရီ ၁၉ ရက်တွင် သီတဂူဆရာတော်၊ ၂၀ ရက်တွင် ပါမောက္ခချုပ်ဆရာတော်နှင့် ၂၁ ရက်တွင် ဗန်းမော်ဆရာတော်တို့က ဆက်လက်၍ တရားတော်များ အသီးသီးဟောကြားချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထားဝယ်အထူးစီးပွားရေးဇုန်အတွက် အသုံးပြုရန် တည်ဆောက်မည့် ကလုပ်ထာရေလှောင်တမံအတွက် အပိုင်းလိုက်သဘောတူညီချက် မူကြမ်းရေးဆွဲရေးဆိုင်ရာ ညှိနှိုင်း

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ထားဝယ်အထူးစီးပွားရေးဇုန်အတွက် အသုံးပြုရန် တည်ဆောက်မည့် ကလုပ်ထာရေလှောင်တမံအတွက် ဆည်မြောင်းဦးစီးဌာနနှင့် Italian - Thai Development Public Co., Ltd. တို့အကြား လက်မှတ်ရေးထိုးမည့် အပိုင်းလိုက်သဘောတူညီချက် (SECTORAL AGREEMENT) မူကြမ်းရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲ ၁ နာရီခွဲတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးရုံး၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးခင်ဇော် တက်ရောက်အမှာစကားပြောကြားသည်။

အထူးဇုန် သောက်သုံးရေနှင့် စက်မှုသုံးရေအတွက် ကလုပ်ထာရေလှောင်တမံ တည်ဆောက်ရေးနှင့် ရေလှောင်တမံမှ အထူးဇုန်သို့ ရေသွယ်ယူဖြန့်ဝေရေးလုပ်ငန်းများနှင့် ပတ်သက်သော ဆောင်ရွက်ချက်များအပေါ်တွင် ကြုံတွေ့ရမည့် ကျွမ်းကျင်မှုဆိုင်ရာနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုဆိုင်ရာများ ညှိနှိုင်းဆွေးနွေးရန် ညှိနှိုင်းအစည်းအဝေး ကျင်းပခြင်းဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် စူးစမ်းလေ့လာ တိုင်းတာခြင်းလုပ်ငန်းကို ကုမ္ပဏီက ဆောင်ရွက်နေကာ ဒီဇိုင်းပုံစံထုတ်ပြီး ရေလှောင်တမံ တည်ဆောက်ရေးကိုလည်း ကုမ္ပဏီ၏အစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။



ထားဝယ်အထူးစီးပွားရေးဇုန်အတွက် အသုံးပြုရန် တည်ဆောက်မည့် ကလုပ်ထာရေလှောင်တမံအတွက် ဆည်မြောင်းဦးစီးဌာနနှင့် Italian-Thai Development Public Co.,Ltd. တို့အကြား လက်မှတ်ရေးထိုးမည့် အပိုင်းလိုက် သဘောတူညီချက် မူကြမ်းရေးဆွဲရေးဆိုင်ရာညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆက်လက် ဆောင်ရွက်နိုင်ရန်အတွက် ထားဝယ်ရေပေးရေးကုမ္ပဏီ (Dawei Water Supply Co., Ltd.) က ထားဝယ် အထူးဇုန် သောက်သုံးရေဖြန့်ဝေရေး လုပ်ငန်းအပိုင်း၏ သဘောတူညီချက်မူကြမ်း (Draft of Sectoral Agreement) ပြုစုပြီး မြန်မာဘက်မှ ပါဝင်ပတ်သက်သော ဝန်ကြီးဌာနများသို့ အမြန်တင်ပြပေးရန်လိုအပ်ကြောင်း သိရှိရသည်။

ထိုင်းနိုင်ငံ Italian - Thai Development Public Co., Ltd. မှ Vice President (Project) Mr. Dr. Nattawyth Udayasen က ထားဝယ်အထူးစီးပွားရေးဇုန်အတွက် တည်ဆောက်ဆောင်ရွက်မည့် ကလုပ်ထာ ရေလှောင်တမံ စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် အင်ဂျင်နီယာ အကြိုလုပ်ငန်း စူးစမ်းတိုင်းတာဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍Italian-Thai Development Public Co., Ltd. မှ ကျွမ်းကျင်ပညာရှင် Dr. Suda Bunduwongse က ထားဝယ် အထူးစီးပွားရေးဇုန်အတွက် လိုအပ်မည့် ရေသုံးစွဲမှုအတွက် နိုင်ငံတကာ စံနှုန်းထား အရည်အသွေးပြည့်မီသော သုံးစွဲရေရရှိဖြန့်ဖြူးရေးအတွက် ဆောင်ရွက်အကောင်အထည်ဖော်မည့် လုပ်ငန်းဆိုင်ရာ အစီအမံများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ **ကျောဖုံးမှ**

Get-together လုပ်လိုလျှင်လည်း စုဝေးနေနိုင်သည့် နေရာတစ်ခုဖြစ်ပြီး အခြားအစီအစဉ်တစ်ခုတွင် ဘာသာရပ်ဆိုင်ရာ သက်ကြီးရွယ်အိုကျန်းမာရေးနှင့် နှီးနွှယ်သည့် ဟောပြောပွဲ Demonstration နှင့် Workshop များလည်း တစ်လတစ်ကြိမ် လုပ်ပေးရန် စီစဉ်ထားကြောင်း၊ သက်ကြီးဆရာဝန်များနားနေရန်အတွက်သာမက ပညာလည်းရ အပန်းလည်းပြေစေသည့် Centre တစ်ခုဖြစ်သည်ဟုဆိုလျှင် မှားမည်မထင်ကြောင်း။

သက်ကြီးရွယ်အိုများ၏ ဘဝဆည်းဆာကို စိုပြည်စွာနားနေခွင့်ပေးနိုင်သော နေရာတစ်ခုကို ဖန်တီးပေးရုံသာမက အမြဲဆက်လက်ထိန်းသိမ်းနိုင်ပြီး ရန်ကုန်မြို့တွင်သာမက အခြားမြို့ကြီးများတွင်လည်း အလားတူဖွင့်လှစ်နိုင်ရန် စွမ်းဆောင်နိုင်ကြပါစေဟု ဆန္ဒပြုပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်က အမှာစကားပြောကြားပြီး သက်ကြီးဆရာဝန်များထောက်ကူအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမြင့်မြင့်ခင်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် Day Care Centre ဖြစ်ပေါ်လာပုံအဆင့်ဆင့်နှင့် Day Care Centre တွင် ပါဝင်လှူဒါန်းကူညီသူများကို ဂုဏ်ပြုမှတ်တမ်းဗီဒီယို (Video) ပြသသည်။

ဆက်လက်၍ Day Care Centre ၏ ကြေးကမ္ပည်းစာတမ်းနှင့် အခန်းသော့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က သက်ကြီးဆရာဝန်များ ထောက်ကူအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမြင့်မြင့်ခင်အား ပေးအပ်ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၉-၂-၂၀၁၂ (တနင်္ဂနွေနေ့)

၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၈း၀၀ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈း၂၅ "ဟူးကောင်းကျား ထိန်းသိမ်းရေးနယ်မြေဆီသို့
၈း၄၀ International News
၁၁း၀၀ စစ်သည်တေး
၁၁း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ရဲစုံထောက် ဘတ်ဂျောင်ဂွန်း" (အပိုင်း-၅၁)
၁၂း၃၀ မြန်မာဗီဒီယိုဇာတ်လမ်း "ကြိုးလေးတစ်ချောင်း" (မြင့်မြတ်၊ ထွန်းအိန္ဒြာဗို၊ စိုးပြည့်သဇင်၊ စန္ဒီမြင့်လွင်) (ဒါရိုက်တာ-ကုသိုလ်)
၂း၂၀ "၂၀၁၂ခုနှစ် ဆောင်းလက္ခဏာနှင့် ဖေဖော်ဝါရီလ မိုးလေဝသအခြေအနေများ"
၃း၄၀ International News
၄း၂၅ ၂၀၁၂ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (မြန်မာစာဘာသာရပ်)
၅း၀၀ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၃၀ တစ်မျက်နှာ၊ တစ်ကွက်စာ "အလှမက်သူ" (စွမ်းရည်၊ခိုင်ပွင့်) [(ဒါရိုက်တာ-မေတင် (MMG)]
၆း၄၀ နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ချိုချိုကြင်နာပို" (အပိုင်း-၁၅)
၇း၄၀ "ရောတစ်လှည့် ဘက်စုံစီးပွားဆတိုးများ ဗိုလ်မြတ်ထွန်းနှင့် ညောင်တုန်းတံတား" ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ)(အပိုင်း-၉၃) နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်ပွင့်လေးရဲ့ဒိုင်ယာရီ" (အပိုင်း-၁၆)

❑ ရှေ့ဖုံးမှ

အဆိုပါ အစည်းအဝေးသို့ ကမ္ဘာ့နိုင်ငံအသီးသီးမှ ပို့ဆောင်ရေးဝန်ကြီးများ၊ အပြည်ပြည်ဆိုင်ရာ လေကြောင်းအဖွဲ့ ဥက္ကဋ္ဌ၊ အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းများအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်၊ ကမ္ဘာ့လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီများ၊ လေကြောင်းလိုင်းများမှ CEO များနှင့် လေကြောင်းစီးပွားရေး လုပ်ငန်းဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

၂၀၁၂ ခုနှစ် လေကြောင်းဆိုင်ရာ အကြီးအကဲများ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် စင်ကာပူနိုင်ငံ FAIRMONT HOTEL ၌ ကျင်းပရာ စင်ကာပူနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. LUL TUCK YEW က အမှာစကားပြောကြား၍ အစည်းအဝေးကို ဖွင့်လှစ်ပေးသည်။

အစည်းအဝေးတွင် ရာစုနှစ်အစ၏ ဆယ်စုနှစ်တွင် လေကြောင်းစီးပွားရေး လုပ်ငန်း၌ အတူတကွ ပူးပေါင်း၍ စိန်ခေါ်မှုများကို တွန်းအားပေး ပြောင်းလဲဆောင်ရွက်ရန်ဖြစ်သည်။ လေကြောင်းကဏ္ဍ လုံခြုံရေးအတွက် အကြမ်းဖက်တိုက်ခိုက်မှု၊ ကမ္ဘာ့စီးပွားရေး အင်အားချည့်နဲ့လာမှုနှင့် ရေနံဈေးနှုန်း မြင့်တက်လာမှုများကို စိန်ခေါ်ကျော်လွှားရမည် ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းများအဖွဲ့၏ခန့်မှန်းချက်အရ ၂၀၁၂ ခုနှစ်သည် လေကြောင်းလိုင်းများအတွက် အခိုင်အမာ နှစ်တစ်နှစ်ဖြစ်ပြီး တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အမြတ်ငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံခန့် ရရှိနိုင်မည်ဖြစ်သည်။

အစည်းအဝေးကို ဆက်လက်ကျင်းပရာ Australia Virgin လေကြောင်းလိုင်း၊ ဘယ်လ်ဂျီယံနိုင်ငံ လေကြောင်းပို့ဆောင်ရေးဦးစီးဌာန Air Bus လေယာဉ်ကုမ္ပဏီ၊ စင်ကာပူလေကြောင်းလိုင်း၊ ဒူဘိုင်းနိုင်ငံတကာလေဆိပ်မှ CEO များ၊ မန်နေဂျင်းဒါရိုက်တာများ၊ ပြင်သစ် ပို့ဆောင်ရေးဝန်ကြီးတို့က လေကြောင်းစီးပွားရေးကဏ္ဍ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် တွန်းအားပေး ပြောင်းလဲရေးနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်မှုမှ စတင်၍ လေကြောင်းလုံခြုံရေးလုပ်ငန်းကို ငွေကုန်ကြေးကျခံဆောင်ရွက်ခဲ့ပြီး ခရီးသည်များ လုံခြုံစိတ်ချသက်သောင့်သက်သာ ရှိစေရေးအတွက် ဆောင်ရွက်ခဲ့ကြောင်း၊ တစ်ကမ္ဘာလုံး ၂၀၁၅ ခုနှစ်တွင် ခရီးသည် ၃ ဒသမ ၅ ဘီလီယံထိ ရှိမည်ဟု ခန့်မှန်းထားကြောင်း ဆွေးနွေးခဲ့ကြသည်။

ဖေဖော်ဝါရီ ၁၃ ရက် ညပိုင်းတွင် ၂၀၁၂ ခုနှစ် စင်ကာပူလေကြောင်းပြပွဲ အကြိုဖွင့်ပွဲ အခမ်းအနားကို စင်ကာပူနိုင်ငံ Marina Bay Sand Grand Ballroom ၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်၊ ပြည်ထဲရေးဝန်ကြီးနှင့် အမျိုးသားလုံခြုံရေးဝန်ကြီး Mr. TEO CHEE HEAN က အဖွင့်အမှာစကား ပြောကြားသည်။

ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းတွင် လေကြောင်းပြပွဲ အခမ်းအနားကို ချန်ဂီ အပြည်ပြည်ဆိုင်ရာ လေဆိပ်ဗဟိုခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး Dr. Ng Eng Hen နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. LUL TUCK YEW တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်နှင့် နိုင်ငံအသီးသီးမှ ဝန်ကြီးများသည် လေကြောင်းကုမ္ပဏီများ၏ ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။ ထို့နောက် စင်ကာပူပို့ဆောင်ရေးဝန်ကြီးနှင့်အတူ Boeing လေယာဉ်ကုမ္ပဏီ၊ Bombardier လေယာဉ်ကုမ္ပဏီ၊ Hawker Pacific လေယာဉ်ကုမ္ပဏီများက ခင်းကျင်းပြသထားသော လေယာဉ်များကို တက်ရောက်လေ့လာကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဆက်စပ်လျက်ရှိသော ပြင်သစ်နိုင်ငံမှ ATR လေယာဉ်ကုမ္ပဏီနှင့် ပြည်တွင်းလေကြောင်းလိုင်းများတွင် အများဆုံး အသုံးပြုနေသော ATR လေယာဉ်များနှင့် ပတ်သက်၍ လေယာဉ်အရန်ပစ္စည်း၊ အကြီးစားပြင်ဆင်ရေးနှင့် ပတ်သက်၍ ဆွေးနွေးကြရာ မိမိနိုင်ငံတွင် ပြင်ဆင်နိုင်ရေးအတွက် ကူညီဆောင်ရွက်ရန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ CATIC လေယာဉ်ကုမ္ပဏီနှင့် မိမိတို့ ဝယ်ယူအသုံးပြုလျက်ရှိသော MA-60 လေယာဉ်များနှင့် ပတ်သက်၍ ပျံသန်းမှုအခြေအနေ၊ လေယာဉ်အရန်ပစ္စည်းများ ရရှိမှုအခြေအနေများကိုလည်း ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ THALES ကုမ္ပဏီသို့ ရောက်ရှိပြီး မြန်မာနိုင်ငံ ဝေဟင်ပိုင်နက်တွင် ဖြတ်ကျော်ပျံသန်းနေသော လေယာဉ်များအား THALES ကုမ္ပဏီမှ ဝယ်ယူထားရှိသည့် လေယာဉ်ထိန်းသိမ်းလမ်းညွှန်ရေဒါသုံးခုဖြင့် တစ်နိုင်ငံလုံး ဖြန့်ကြက်၍ ရန်ကုန်၊ မန္တလေး၊ မြိတ်မြို့များ၌ တပ်ဆင်ထားရှိအသုံးပြုနေမှုများ၊ မကြာခင်ကာလတွင် အသုံးပြုမည့် Air Traffic Management စနစ်များနှင့် ပတ်သက်၍ နိုင်ငံပေါင်း ၁၈၀ မှ အသုံးပြုနေမှုနှင့် လေကြောင်းပျံသန်း ခရီးစဉ်များအား လေယာဉ်စတင်ထွက်ခွာချိန်မှ ဆိုက်ရောက်သည်ထိ ပြောင်းလဲကျင့်သုံးကြမည့် စနစ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်၊ စင်ကာပူလေကြောင်းလိုင်း အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးသည် စင်ကာပူလေကြောင်းလိုင်းမှ CHIEF EXEUCTIVE OFFICER Mr. GOH CHOON PHONG နှင့် အဖွဲ့အား တွေ့ဆုံ၍ ဌာနအလိုက် လုပ်ငန်းတာဝန်ခွဲဝေမှု၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ လေ့ကျင့်သင်ကြားမွေးထုတ်ပေးမှု၊ လေကြောင်းလိုင်း၏ စွမ်းဆောင်ရည်ပြည့် အစီအမံများနှင့် လေယာဉ်စင်းရေ ၁၀၅ စင်းဖြင့် မြို့ပေါင်း ၆၅ မြို့သို့ ခရီးသည် သယ်ဆောင်ပေးနိုင်မှု၊ SILK AIR လေကြောင်းလိုင်းမှာ စင်ကာပူလေကြောင်းလိုင်းမှ ရာနှုန်းပြည့်ပိုင်ဆိုင်ထားသော လေကြောင်းလိုင်းဖြစ်၍ မြန်မာ့လေကြောင်းနှင့်လည်း ပူးပေါင်းဆောင်ရွက်နိုင်မှု၊ ဝန်ထမ်းများအား တိုးတက်ဖွံ့ဖြိုးနေသော ခေတ်သစ်နည်းပညာများ လေ့ကျင့်သင်ကြားပေးနိုင်မှုနှင့် ပျံသန်းရေးဆိုင်ရာ အချက်အလက်များကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် လေဆိပ် Terminal (2) တွင် CHANGI AIRPORT GROUP မှ CEO Mr. Lee Seow Hiang နှင့် အဖွဲ့အား တွေ့ဆုံ၍ လေဆိပ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ အမြဲသစ်လွင် ရှင်သန်ရန် ကြံဆတီထွင်မှုများ၊ ခရီးသည်များ ပိုမိုဝင်ထွက်နိုင်ရန်နှင့် သက်သောင့်သက်သာ သွားလာမှု လွယ်ကူစေရန် စီမံထားရှိမှုများကို ဆွေးနွေးခဲ့ကြသည်။

ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် ချန်ဂီ အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ဩစတြေးလျနိုင်ငံပိုင် Jet Star လေကြောင်းလိုင်းမှ CEO Mr. Paul Daft အဖွဲ့နှင့်လည်းကောင်း၊ စင်ကာပူနိုင်ငံ Tiger Airways လေကြောင်းလိုင်း Chairman Mr. JY Pillay အဖွဲ့နှင့် လည်းကောင်း တွေ့ဆုံ၍ လေကြောင်းပို့ဆောင်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပွင့်လင်းရာသီတွင် လုပ်ငန်းများ အရှိန်အဟုန်ဖြင့် တွန်းအားပေးဆောင်ရွက် ရန်ပုံငွေများ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်အသုံးပြု

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်း/တံတားလုပ်ငန်းကုမ္ပဏီ ၁၄၈ ဖွဲ့နှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ(အပေါ်ပုံ) **ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က အမှာစကားပြောကြားရာ၌ လမ်း/တံတားလုပ်ငန်းများဆောင်ရွက်သည့် ကုမ္ပဏီများအနေဖြင့် လုပ်ငန်းများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်၊ လမ်း/တံတားလုပ်ငန်းများကိုလည်း သတ်မှတ်စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ရန်၊ လုပ်ငန်းသုံးကတ္တရာများ အလေအလွင့်မရှိအောင် စနစ်တကျအသုံးပြုရန်၊ စက်ယာဉ်ယန္တရားများကိုလည်း လုပ်ငန်းခွင်အလိုက် လိုအပ်သည့်နေရာများတွင် စနစ်တကျအသုံးပြုရန်၊ ယခုပွင့်လင်းရာသီအချိန်တွင် လုပ်ငန်းများ အရှိန်အဟုန်ဖြင့် တွန်းအားပေး ဆောင်ရွက်သွားရန်၊ ရရှိသည့်ရန်ပုံငွေများကိုလည်း ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ စိစစ်အသုံးပြုရန်၊ ဆောင်ရွက်ပြီးသည့် လမ်း၊ တံတားများ ပြင်ဆင်ထိန်းသိမ်းမှုအပိုင်းကို အထူးအလေးထားဆောင်ရွက်ရန်နှင့် မိမိတို့တာဝန်ယူဆောင်ရွက်သည့် လုပ်ငန်းများအပေါ် စေတနာထားဆောင်ရွက်ရန်တို့ကို မှာကြားသည်။**

ဆက်လက်၍ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးစိုးတင့်နှင့် ဦးကျော်လွင်တို့က ကုမ္ပဏီများအနေဖြင့် လမ်း/တံတားလုပ်ငန်းများကို ပွင့်လင်းရာသီအတွင်း အပြီးဆောင်ရွက်ရန်၊ လမ်းသစ်ဖောက်လုပ်ရာတွင် အောက်ခံမြေသား အမာခံရရှိပြီးမှ ကျောက်ခင်းခြင်း၊ ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အင်ဂျင်နီယာများကလည်း ကုမ္ပဏီများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းနှင့် တာဝန်ရှိသူများက လမ်း/တံတားလုပ်ငန်း ကုမ္ပဏီများအနေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များ၊ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသည့် ကုမ္ပဏီအဖွဲ့များမှ တာဝန်ရှိသူများက ၎င်းတို့ဆောင်ရွက်သည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် - တောင်ညို - ပန်းတင် လမ်းအပိုင်း၌ အထူးစီမံကိန်းကြီးအဖွဲ့(၁)မှ စက်ယန္တရားများဖြင့် လုပ်ငန်းများဆောင်ရွက်နေမှု၊ မိုင်တိုင် (၁၈/၃)နှင့် (၁၈/၅)အကြား၊ မိုင်တိုင်(၂၀/၁)နှင့် (၂၀/၂)အကြား၊ မိုင်တိုင် (၂၃/၀)နှင့် (၂၃/၁)အကြားတို့တွင် လမ်းချဲ့ခြင်း၊ လမ်းဖြောင့်ခြင်း၊ မြေဖို့ကြိတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လမ်းအကျယ်အတိုင်း Box Culvert များ ချဲ့ပေးရန်၊ ရေဝပ်နိုင်သည့် နေရာများတွင် လမ်းသားမြှင့်ပေးရန် အောက်ခံလမ်းသား အမာခံရရှိမှုကွန်ကရစ်ခင်းရန်တို့ကို မှာကြားခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး လှည်းကူးမြို့နယ်ရှိ အခြေခံပညာကျောင်းကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ချိန်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၁၀ နာရီတွင် လှည်းကူးမြို့နယ် ဖောင်ကြီးအနောက် အခြေခံပညာအလယ်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီးရုံးခန်း၌ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်ကြားသင်ယူမှု တိုးတက်မြင့်မားစေရေးအတွက် ရုပ်မြင်သံကြား စက်တစ်လုံးပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီးက လက်ခံရရှိပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး လှည်းကူးမြို့နယ် ဖောင်ကြီးအနောက် အခြေခံပညာအလယ်တန်းကျောင်း၌ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ဆေးတက္ကသိုလ် (၁) ရန်ကုန် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၁)ရန်ကုန် အားကစားနှင့် ကာယပညာကော်မတီက ကြီးမှူးကျင်းပသည့် စားပွဲတင်တင်းနစ်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ဆေးတက္ကသိုလ် (၁) Convention Centre ၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာဦးသန်းချိုက အဖွင့်အမှာစကား ပြောကြားပြီး စားပွဲတင်တင်းနစ် ဆပ်ကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်ဝင်းဝင်းမြက ပြိုင်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံ စားပွဲတင် တင်းနစ်အဖွဲ့ချုပ် လက်ရွေးစင် အားကစားသမားများက သရုပ်ပြကစားပြီးနောက် ပြိုင်ပွဲကို စတင်ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပထမနှစ်မှ နောက်ဆုံးနှစ်အပိုင်း(ခ) အထိ အတန်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❑ ရုပ်သံဇာတ်လမ်းမှ

ဆိုယောင်းသည် သူမ၏ Girls' Generation တေးဂီတအဖွဲ့နှင့်အတူ ဂီတလှုပ်ရှားမှုများကို ဦးစားပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် အခြားအစီအစဉ်များကို စဉ်းစားသုံးသပ်သွားဦးမည်ဟု အဆိုပါတာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

ဆိုယောင်းသည် Speed ရုပ်သံဇာတ်လမ်းတွဲတွင် ကားမောင်းပြိုင်ပွဲအသင်းတစ်သင်း၏ ဆရာဝန်မလေးတစ်ဦးအဖြစ် ခေါင်းဆောင်မင်းသမီးနေရာမှ ပါဝင်သရုပ်ဆောင်ခဲ့သော်လည်း ယင်းရုပ်သံဇာတ်လမ်းတွဲ ထုတ်လုပ်ဖြန့်ချိရေးအပိုင်းတွင် နှောင့်နှေးကြန့်ကြာမှုများ ရှိနေသည်။

အဆိုတော် ဆိုယောင်းသည် ၂၀၀၈ ခုနှစ်က Unstoppable Marriage ရုပ်သံဇာတ်လမ်းတွဲနှင့် Hello Schoolgirl ရုပ်ရှင်ကားများတွင် ပါဝင်သရုပ်ဆောင်ခဲ့ဖူးသူဖြစ်သည့်အပြင် လွန်ခဲ့သည့်နှစ်က အက်စ်ဘီအက်စ် ရုပ်သံလိုင်းမှ Paradise Farm ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသည်။

✻ အိပ်ချိန်နည်းသူများမှ

အမေရိကန်ဦးနှောက်နှင့် အာရုံကြောရောဂါအသင်း၏ နှစ်ပတ်လည်အစည်းအဝေးတွင် တင်ပြမည်ဖြစ်သည်။

ယင်းလေ့လာချက်မှာ ပဏာမအဆင့်သာ ရှိသေးကြောင်း၊ အိပ်စက်ခြင်းပြဿနာများနှင့် အယ်လ်ဇိုင်းမားရောဂါအကြား ဆက်စပ်မှုရှိသည်ကိုတွေ့ရှိပြီး အကြောင်းတရားနှင့် အကျိုးဆက်ကိုမူ မတွေ့ရှိသေးကြောင်း ဂျူက ပြောကြားသည်။

ဂျူ၏ တွေ့ရှိချက်များကို ပြန်လည်သုံးသပ်သည့် ကယ်လီဖိုးနီးယား လော့အိန်ဂျလိစ်တက္ကသိုလ်မှ ပါမောက္ခဒေါက်တာဂါရီစမောလ်က မိမိတို့သည် ဘယ်အရာကအကြောင်းတရားဖြစ်သည်၊ ဘယ်အရာက အကျိုးဆက်ဖြစ်သည်ကို မသိရှိကြောင်း ပြောကြားသည်။ ဦးနှောက်ပြောင်းလဲမှုများက အိပ်စက်ခြင်းပြဿနာများ ဖြစ်ပွားစေသော (သို့မဟုတ်) ယင်းနှစ်ခုအကြား အပြန်အလှန် အကျိုးသက်ရောက်မှု ရှိသလောဟု မေးမြန်းသည့်အခါ စမောလ်က လေ့လာမှုဆက်လက်ပြုလုပ်ရန်လိုအပ်သည်ဟု ပြောကြားသည်။ ဂျူကလည်း စမောလ်၏ ပြောကြားချက်ကို သဘောတူလက်ခံသည်။

လမ်းကြုံလိုက်စီးသူ သစ်လုံးတင်ယာဉ်ပေါ်မှ ပြုတ်ကျသေဆုံး

ရေတာရှည် ဖေဖော်ဝါရီ ၁၈

သစ်လုံးတင်ယာဉ်ဖြင့် လမ်းကြုံစီးနင်းလာသူတစ်ဦး ပြုတ်ကျသေဆုံးသည့် ဖြစ်ရပ်တစ်ခု ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁ နာရီက ရေတာရှည်မြို့ အနောက်စမိုးအုပ်စု ကညှင်မြောင်တောထဲရှိ သစ်ကွင်း၌ ဖြစ်ပွားခဲ့သည်။

သစ်တင်ယာဉ်မောင်း ညာဏ်ဝင်းခိုင် ပုဂံချောင်းကျေးရွာ ကွဲပွဲမြို့နေသူ မောင်းနှင်သည့် ၈/---- ၁၀ ဘီးယာဉ်သည် သစ်ကွင်းသို့ မောင်းနှင်လာစဉ် လမ်းကြုံလိုက်စီးလာသည့် ကိုကံလွင် (၄၆)နှစ် (ဘ)ဦးမှတ်ကြီး အမှတ် (၆)ရပ်ကွက် ရေတာရှည်မြို့နေသူသည် မတ်တတ်ရပ်၍ ပုဆိုးဝတ်ရာမှ အရှိန်လွန်ပြုတ်ကျသွားခဲ့ပြီး ဝဲခါးညိုမည်းဒဏ်ရာ၊ ဝဲပေါင်ညိုမည်း ဒဏ်ရာတို့ဖြင့် နေရာတွင်ပင် သေဆုံးသွားခဲ့သဖြင့် ရေတာရှည် ရဲစခန်းမှ (ပ) ၁၀/၂၀၁၂ ပြစ်မှုပုဒ်မ ၃၀၄-က ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(၅၃၈)

ဗုဒ္ဓမြတ်စွယ်တော်အား လှူဒါန်းသော အလှူငွေများ၊ လက်ဝတ်ရတနာများဖြင့် တရုတ်တွင် ရွှေတိဂုံပုံတူစေတီတော် တည်ထားကိုးကွယ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံ လင်ကွမ်းစီး ဘုရားကျောင်း၌ ကိန်းဝပ်စံပယ်တော်မူသည့် ဗုဒ္ဓ၏ လက်ဝဲဘက်အထက် စွယ်တော်မြတ်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့၌ ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၆ ရက်မှ ဒီဇင်ဘာ ၂၄ ရက်အထိ ၄၈ ရက်ကြာ ဖူးမြော်အပူဇော်ခံခဲ့သည်။

ယင်းသို့ဖူးမြော်အပူဇော်ခံစဉ် မြန်မာနိုင်ငံမှ ရဟန်းရှင်လူပြည်သူများ၏ လှူဒါန်းငွေများ၊ ရွှေ၊ ငွေ၊ ရတနာကျောက်သံပတ္တမြားများဖြင့် တရုတ်နိုင်ငံ ဟိုနန်ပြည်နယ် လော့ရန်မြို့ရှိ ပိုင်မာဘုရားကျောင်း၌ ရွှေတိဂုံပုံတူစေတီတော် တည်ထားကိုးကွယ်မည်ဖြစ်ကြောင်း၊ ယခုနှစ် "မူတန်းယဉ်ကျေးမှုပွဲတော်" ကာလတွင် စတင် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း လော့ရန်မြို့ အမျိုးသားယဉ်ကျေးမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဤသည်မှာ ထိုင်းယဉ်ကျေးမှု သွင်ပြင်ဘုရားကျောင်းနှင့် အိန္ဒိယယဉ်ကျေးမှု သွင်ပြင်ဘုရားကျောင်းတို့ ပြီးနောက် ပိုင်မာဘုရားကျောင်း၌ မြန်မာ့ယဉ်ကျေးမှု သွင်ပြင် ရွှေတိဂုံပုံတူစေတီတော် တည်ထားကိုးကွယ်ခြင်း ဖြစ်သည်။

တည်ထားကိုးကွယ်မည့် ရွှေတိဂုံပုံတူစေတီတော်မှာ ဉာဏ်တော် ၂၄ ဒသမ ၆၈ မီတာခန့်ရှိမည်ဖြစ်သည်။ လော့ရန်မြို့ခံ ဗုဒ္ဓဘာသာဝင်တစ်ဦး၏ ပြောကြားချက်အရ ရွှေတိဂုံပုံတူစေတီတော်ကို မြန်မာ့သွင်ပြင်၊ မြန်မာ့ယဉ်ကျေးမှုအတိုင်း တည်ဆောက်နိုင်ရန်အတွက် ကုန်ကြမ်းများကို မြန်မာနိုင်ငံမှ တင်သွင်းကာ စေတီတော်တွင်ဆင်ယင်လှူဒါန်းမည့် ကျောက်မျက်ရတနာများကိုလည်း မြန်မာနိုင်ငံမှ တင်သွင်းပူဇော်မည် ဖြစ်ကြောင်း၊ တည်ဆောက်ရေးကာလမှာ တစ်နှစ်ခွဲခန့် ကြာမည်ဖြစ်ကြောင်းသိရသည်။

လော့ရန်ပိုင်မာ ဘုရားကျောင်း နိုင်ငံတကာ ပုံစံဘုရားစေတီများ ပရိဝုဏ်တွင် ထိုင်းနိုင်ငံလက်ရာ ဘုရားစေတီ၊ အိန္ဒိယနိုင်ငံလက်ရာ ဘုရားစေတီတို့ရှိနေပြီး ဂျပန်၊ ကမ္ဘောဒီးယား၊ နီပေါစသည့် နိုင်ငံများကလည်း ဘုရားစေတီများ တည်ဆောက်ရန်ဆန္ဒရှိကာ ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်းဖြင့် တရုတ်သံရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

(မောင်ဇော်-သတင်းစဉ်)

ဥပဒေပြဿနာလား၊ စီမံခန့်ခွဲမှုပြဿနာလား အဖြေရှာသင့်

ပဲခူးနှင့် ရန်ကုန်ကြား လမ်းအသုံးပြုခကောက်ခံသည့်နေရာ နှစ်နေရာရှိပါသည်။ ပဲခူးမြို့နယ်လာဂမ့်တွင် တစ်နေရာနှင့် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်တွင် တစ်နေရာဖြစ်ပါသည်။ လမ်းအသုံးပြုခကို ကောက်ခံရန် ကုမ္ပဏီတွင် လုပ်ပိုင်ခွင့်ရှိပါသည်။ သို့ရာတွင် "လှည်းကူးမြို့ဝင်ကြေး" ကိုပါ တစ်ပါတည်းကောက်ခံနေခြင်းမှာ မသင့်တော်ပါ။ လိုင်စင်ဝင်စဉ်ကပင် ဘီးခွန်ဆောင်ထားပြီးဖြစ်သော မော်တော်ယာဉ်တစ်စီးသည် ပဲခူးမြို့မှ ရန်ကုန်မြို့သို့သွားရာတွင် လှည်းကူးမြို့ကို ဖြတ်သန်းသွားလာရပါသည်။ လှည်းကူးမြို့တွင်းရှိ ရန်ကုန်- မန္တလေး လမ်းမကြီးကို တည်ဆောက်ပြုပြင်ထိန်းသိမ်းသူမှာ လှည်းကူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မဟုတ်ပါ။ BOT စနစ်ဖြင့် လုပ်ပိုင်ခွင့်ရထားသည့် ကုမ္ပဏီက ပြုပြင်ထိန်းသိမ်းခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဂိတ်ဖွင့်ကောက်ခံပြီး ဖြစ်ပါသည်။ ပဲခူးမှ ရန်ကုန်သို့ သွားသော မော်တော်ယာဉ်တစ်စီးသည် လှည်းကူးမြို့တွင်းလမ်းများသို့ ဝင်ရောက်ခြင်း၊ ညအိပ်ရပ်နားခြင်းပြုမှသာလျှင် လှည်းကူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် သက်ဆိုင်ပါလိမ့်မည်။ လမ်းမကြီးပေါ်မှ (ကုမ္ပဏီကပြုပြင်ထိန်းသိမ်းထားသော လမ်း)ရန်ကုန်သို့ ဖြတ်သန်းသွားလာသောယာဉ်အတွက် မြို့ဝင်ကြေးကောက်ခံနေခြင်းမှာ လျော်ကန်သင့်မြတ်မှုမရှိပါကြောင်းနှင့် မြန်မာပြည်အထက်ပိုင်းမြို့များတွင်လည်း အလားတူမောင်းတံများကို ဖယ်ရှားသင့်ပါကြောင်း တင်ပြလိုက်ပါသည်။

စိန်လှိုင်ဗိုလ်

မြဝတီရုပ်သံလိုင်းများ တိုးချဲ့ထုတ်လွှင့်

တောင်ကြီး ဖေဖော်ဝါရီ ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်းရှိ မြို့နယ်များတွင် မြဝတီရုပ်သံအစီအစဉ်များအား တိုးချဲ့ထုတ်လွှင့်နိုင်ရေးအတွက် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းမှစတင်ပြီး စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။ အဆိုပါ ထုတ်လွှင့်မှုအား MPEG-4 စနစ်ဖြင့် ပြောင်းလဲထုတ်လွှင့်သည့်အတွက် လက်ရှိအသုံးပြုနေသည့် VHF/UHF အင်တန်နာတိုင်များအစား မြဝတီ Satellite Receiver များဖြင့် ပြောင်းလဲဖမ်းယူသွားရမည်ဖြစ်ကြောင်းနှင့် Palapa-D ဂြိုဟ်တု Downlink Frequency 4109.5 MHz, Symbol Rate 11.669012 mband Horizontal တွင် ဖမ်းယူကြည့်ရှုနိုင်ကြောင်း သိရသည်။

အဆိုပါ တိုးချဲ့ထုတ်လွှင့်သည့် အစီအစဉ်များအနက် Receiver ဝယ်ယူရုံဖြင့် အခမဲ့ကြည့်ရှုနိုင်သည့် လိုင်းများမှာ မြဝတီရုပ်မြင်နှင့် အစီအစဉ်စုံ (MWD Variety)၊ မြဝတီရုပ်ရှင်နိုင်ငံခြား/မြန်မာ (MWD Movies)၊ မြဝတီဇာတ်လမ်းတွဲ (MWD Series)၊ မြဝတီအားကစား၊ ဂီတ၊ ကာတွန်း (MWD Sport, Music, Cartoon)၊ မြဝတီမှတ်တမ်းနှင့် ဖျော်ဖြေရေး(MWD Documentary & Entertainment)၊ မြဝတီဈေးဝယ်လမ်းညွှန်(MWD Shopping) တိုးချဲ့လိုင်းများနှင့် MWD, MRTV, MRTV-4, MRTV-3(MI)ရုပ်သံလိုင်းများဖြစ်ကြောင်း စက်ဝယ်ယူလိုသူများ အနေဖြင့် စင်ဒရဲလား(၁)၊ လ/၉၂ ဗိုလ်ချုပ်လမ်း လမ်းမတော်ရပ် တောင်ကြီးမြို့ ဖုန်း-၀၈၁-၂၂၅၀၂၊ ၂၀၀၁၈၈၊ စင်ဒရဲလား(၂) အမှတ်(၆-၇-၈) မြတ်လေးလမ်း (ကမ္ဘောဇဘဏ်အနီး) လမ်းမတော်ရပ် တောင်ကြီးမြို့ ဖုန်း- ၀၈၁-၂၅၁၂၃၊ ၂၀၀၁၂၃၊ CDL Mobile အမှတ် (၁၀၅) S-1 စဝ်စံထွန်းလမ်း ဟော်ကုန်းရပ် တောင်ကြီးမြို့ ဖုန်း-၀၉-၄၉၃၅၀၃၄၅၊ ၄၃၁၀၅၅၅၅ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ မောင်ကိုယ်ပွား(တောင်ကြီး)

စစ်တောင်းမြစ်ရိုးတွင် ကုန်စိမ်းများ ဖြိုင်ဖြိုင်ပေါ်

တောင်ငူ ဖေဖော်ဝါရီ ၁၈

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် စစ်တောင်းမြစ်ရိုးတစ်လျှောက်နှင့် ခပေါင်းချောင်းတစ်လျှောက်တွင် မြစ်ရေကျချိန်မှစ၍ ကုန်စိမ်းသီးနှံမျိုးစုံကို စိုက်ပျိုးလျက်ရှိရာ ယခုအခါ သီးနှံများဖြိုင်ဖြိုင် ပေါ်လာပြီ ဖြစ်ပြီး**(အပေါ်ပုံ)** ဈေးနှုန်းများ ကျဆင်းလျက်ရှိသည်။ လွန်ခဲ့သည့်မိုးရာသီတွင် စစ်တောင်း မြစ်ရေကြီးမြင့်ချိန်ကာလ ကြာရှည်ခြင်းကြောင့် သီးနှံများ စိုက်ချိန်နောက်ကျခဲ့သည်။ စိုက်ပျိုးချိန်ကို ရွေးချယ်နိုင်ခြင်းမရှိဘဲ မြစ်ရေကျချိန်တွင်မှသာ တစ်ပြိုင်တည်း စိုက်ပျိုးခဲ့ကြရာ ယခုသီးနှံပေါ်ချိန်၌လည်း သီးနှံများတစ်ပြိုင်တည်းပေါ်နေကြခြင်းဖြစ်သည်။

ကုန်စိမ်းအများစု စုစည်းရာ တောင်ငူမြို့ ညောင်ပင်လေးဈေး ကုန်စိမ်းပွဲရုံများတွင် တောင်သူအများစု စိုက်ပျိုးသည့် ပြောင်းဖူး၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ခရမ်းသီး စသည့်ထွက်ကုန်များအား ကုန်စိမ်းစိုက်တောင်သူများက အပြိုင်အဆိုင် လာရောက် ရောင်းချလျက်ရှိသည်။ ကုန်စိမ်းစုစည်းဝယ်ယူသူ ပွဲစားများက ကုန်စိမ်းများအား ဒေသတွင်းဖြန့်ဖြူးသည့်အပြင် ရန်ကုန်-မန္တလေး ကားလမ်းတစ်လျှောက်ရှိ ဖြူး၊ ဇေယျာဝတီ၊ ပဲနွယ်ကုန်း၊ ကျောက်တံခါး၊ ဒိုက်ဦး၊ ညောင်လေးပင်၊ ပဲခူးမြို့များသို့ ပို့ဆောင်ရောင်းချလျက်ရှိသဖြင့် လွန်ခဲ့သည့်ရက်ပေါင်း ၂၀ ခန့်အထိ ကုန်စိမ်းဈေးကောင်းခဲ့သော်လည်း ယခုရက်ပိုင်းတွင် ရာသီသီးနှံများ ပေါ်များစွာပေါ်လာပြီဖြစ်သဖြင့် ကုန်စိမ်းဈေးနှုန်းများ ကျဆင်းခဲ့သည်။ အထူးသဖြင့် ပန်းမုန်လာဈေးနှုန်းမှာ ထက်ဝက်ခန့်ကျခဲ့ကြောင်း၊ ပြောင်းဖူး ၁၀၀ လျှင် ကျပ် ၉၀၀၀၊ ဂေါ်ဖီ ၁၀ ပိဿာလျှင် ကျပ် ၃၀၀၀ ရရှိကြောင်း သိရှိရသည်။ ယခင်နှစ်များက ကုန်စိမ်းရှားပါးနေတတ်သော ယနေ့အချိန်တွင် ကုန်စိမ်းများ ပေါများနေကာ ရာသီဥတု ပြောင်းလဲမှုကြောင့် စိုက်ပျိုးရေးနှင့် ဈေးကွက်များ ပြောင်းလဲလျက်ရှိကြောင်းသိရသည်။

ကိုလွင် (ဆွာ)

စာအုပ်စာပေ လှူမိတ်ဆွေ

အမွှေဇယား ဟာသဇာတ်ကားသစ်ရုံတင်ပြသ

မြန်မာ့ရုပ်ရှင်ကို ချစ်မြတ်နိုးသည့် ပြည်သူများ မျှော်လင့်စောင့်စားနေကြသော မြန်မာရုပ်ရှင်ဟာသ ဇာတ်ကားသစ်ကို ဒါရိုက်တာ ညီညီထွန်းလွင် ရိုက်ကူးထားပြီး အကယ်ဒမီရန်အောင်၊ သူထူးစံ၊ မိုးအောင်ရင်၊ နေထက်လင်း၊ အကယ်ဒမီမို့မို့မြင့်အောင်၊ အကယ်ဒမီ သက်မွန်မြင့်တို့ ပါဝင်သရုပ်ဆောင်ထားသော 'အမွှေဇယား' ဟာသဇာတ်ကားသစ်ကို ရန်ကုန်မြို့ သမ္မတ၊ သွင်၊ မင်္ဂလာရုံ၊ မော်တင်ဂျန်းရှင်း၊ Top Royal ရုပ်ရှင်ရုံများတွင် လည်းကောင်း၊ မန္တလေးမြို့ရှိ ဝင်းလိုက်နှင့် မြို့မရုပ်ရှင်ရုံများတွင် လည်းကောင်း ဖေဖော်ဝါရီ ၁၇ ရက် (သောကြာနေ့) တွင် ရုံတင်ပြသခဲ့သည်။

အမွှေဇယားမှ သူထူးစံနှင့် သက်မွန်မြင့်။

အမွှေဇယားဇာတ်ကားတွင် မိဘနှစ်ပါးနှင့် ဦးလေးတို့အကြားတွင် ပေါက်ဖွားလာသော သားတစ်ယောက် အဖြစ်မှ ဘဝပေး အခြေအနေကြောင့် မခြောက်ချင်လည်း ခြောက်နေခဲ့ရတဲ့ အလှဖန်တီးရှင်မလေး "နေမီး" မိမိချစ်သူရဲ့ပါးပြင်ကို ကိုင်တွယ်အလှပြင်ပေးရတဲ့ အခြောက်မလေးဘဝမှ ပြောရခက် မပြောရခက်ဖြင့် မည်သို့ အဆုံးသတ်ရမည်ကို မသိတဲ့ဘဝ၊ မိန်းမအဝတ်အစားကို ဝတ်ဆင်ရန် စိတ်ပျက်ခဲ့ရပုံနှင့် မာမီအင်္ဂါမ အလှပြင်ဆိုင်တွင် ယောကျ်ားများက ပိုးကြေးပန်းကြေးဖြင့် ခေါင်းလျှော်ရန်လာသည်ကို မလုပ်ချင်သော်လည်း ပြုလုပ်ပေးရသည့် အခြေအနေ၊ အခြောက်တွေနဲ့ ရင်ဆိုင်တွေ့ဆုံပြီး ရန်တွေ့ရတဲ့ ရယ်စရာဟာသ၊ အခြောက်ဘဝဖြင့် အနေချောင်၊ အစားချောင်၍ ဟန်ဆောင်နေခဲ့မှုကို စော်ကားရန်ကြိုးစားခဲ့သည့် တဏှာရူး ဂယ်ပါပြောင်ကြီးအား လက်ရုံးရည်နဲ့ ဖြေရှင်းရတဲ့ ဖိုက်တာအခြောက်ဘဝကို ကြည့်ရှုခံစားရမည်ဖြစ်သည်။

နေမီးအား ချစ်သူက ဘဝမှန်ကို သိသွားချိန်တွင် ချစ်သူတစ်ယောက်အဖြစ် လက်တွဲမည်လား၊ လမ်းခွဲမည်လား ဝေခွဲမရသော ဘဝနှစ်ခုဖြင့် လူ့သဘာဝ ဖော်ညွှန်းပြသထားသည့် ဟာသဇာတ်ကားဖြစ်သည်။

ယခုနှစ် အကယ်ဒမီသုံးဆုရ အာဒမ်ရယ် ဧဝရယ် ဒသရယ် ရုပ်ရှင်ကားကြီးကို ရန်ကုန်မြို့ နဝဒေး၊ သီတာရုပ်ရှင်ရုံများတွင် ပြသပြီး နေပြည်တော်ရုံတွင် ယခုနှစ် အကယ်ဒမီဆုရဇာတ်ကားများဖြစ်သောအမေ့ကျေးဇူးဆပ်ဖူးချင်တယ် ဇာတ်ကားကို ဖေဖော်ဝါရီ ၁၇ ရက်နှင့် ၁၈ ရက်တွင်လည်းကောင်း၊ အငိုမျက်လုံး အပြုံးမျက်နှာဇာတ်ကားကို ဖေဖော်ဝါရီ ၁၉ ရက်နှင့် ၂၀ ရက်တွင်လည်းကောင်း၊ ပင်လယ်ထက်က နေဝန်းနီဇာတ်ကားကို ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိလည်းကောင်း ပြသလျက်ရှိကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

ယနေ့ ဖတ်စရာ မှတ်စရာ

တစ်လိမ်၊ နှစ်လိမ်၊ ပွေလိမ်ရှုပ်သည်

လိမ်လည်မှု

ယခုတစ်လော လိမ်လည်မှုတွေကို သတင်းစာဂျာနယ်များတွင် မကြာမကြာ ဖတ်နေရသည်။ အလိမ်ခံရသော ငွေကြေးတန်ဖိုးကလည်း များလွန်းသည်။ ငွေလိမ်ယူမှု၊ ပစ္စည်းလိမ်ယူမှု၊ စာရွက်စာတမ်းလိမ်မှု၊ အတုပြုလုပ်မှု၊ တံဆိပ်တုံးအတုပြုလုပ်မှု၊ သေတမ်းစာလိမ်လည်မှု၊ ငွေလိမ်မှု၊ ရွှေလိမ်မှု၊ ပဲလိမ်မှု၊ စာရင်းအင်းလိမ်မှု၊ အယောင်ဆောင်၍ လိမ်လည်မှု စသည်စသည်ဖြင့် တစ်လိမ်၊ နှစ်လိမ်၊ ပွေလိမ်ရှုပ်သည့်အမှု၊ အမှုပေါင်းများစွာ. . .။

ထွက်ပြေးမှု

ငွေကျပ်သိန်းပေါင်းများစွာ လိမ်လည်မှု ကျူးလွန်သည်။ တရားဥပဒေရှိသားပဲ။ တရားစွဲမည်ဟု ပြင်ဆင်သည်။ တရားခံရှာမတွေ့တော့ပါ။ ထွက်ပြေးသွားပြီ။ ပြည်တွင်းတွင်ပြေးက တော်သေးသည်။ ယခုတော့ ပြည်ပ၊ နိုင်ငံခြားအထိ တရားခံများက ထွက်ပြေးကြသည်။ တစ်ပူပေါ် နှစ်ပူဆင့်ရပြန်သည်။ တရားခံပြေးမှုဖွင့်ရပြန်သည်။ မိမိအလိမ်ခံရသော ငွေကြေးပြန်ရဖို့နောက်ထား။ လောလောဆယ်တော့ တရားခံပြေးမိဖို့ အရေးကြီးသေးသည်။ ပြည်တွင်းသာမက ပြည်ပအထိ တရားခံပြေးဖမ်းမိရေး ကြိုးပမ်းရသေးသည်။ ရင်မောဖွယ်။

ဘယ်သူမပြု မိမိမှု

အလိမ်ခံရ၍ အလုပ်ရှုပ်သည်။ သည်လိုမှန်းသိက အလိမ်ဘယ်ခံပါ့မလဲ။ သူက ယုံကြည်အောင်ပြော၍ မိမိက ယုံကြည်သည်။ သူလိမ်ခဲ့သမျှ အဟုတ်ထင်သည်။ ယုံအောင်လည်း ပြောတတ်သူပေကိုး။ သူလိမ်သည်ကို ကိုယ်က ယုံကြည်ခဲ့မိသည်။ တစ်ခါလိမ်တစ်ခါယုံ၊ နှစ်ခါလိမ်နှစ်ခါယုံ၊ သုံးခါလိမ်သုံးခါယုံ၊ လိမ်လိမ်သမျှ ယုံခဲ့သည်။ ဘယ်သူမပြု မိမိမှုဖြစ်ပေပြီ။ သင်ခန်းစာယူသင့်ပေပြီ။ မည်သို့ကုစားကြမည်နည်း။

အတုပြုလုပ်မှု

"လိမ်လည်မှု"တွင် "အတုပြုလုပ်မှု"နှင့် ပတ်သက်နေတတ်သည်။ ဆက်စပ်နေတတ်သည်။ ရိုးရိုးလိမ်တတ်သူ ရှိသကဲ့သို့ အတုပြုလုပ်ပြီးမှ လိမ်တတ်သူများလည်း ရှိသည်။ မတူတာကို တူအောင်လုပ်တတ်ကြသည်။ ဆင်တူယိုးမှားပင်မက အစစ်အလား ယိုးမှားဖွယ်ပင်ဖြစ်တတ်သည်။ စာချုပ်အတု၊ ဂရန်အတု၊ တံဆိပ်တုံးအတု အတုမျိုးစုံ ဖန်တီးကြသည်။

ယုံလွယ်တတ်ခြင်း

မြန်မာလူမျိုးက ယုံလွယ်တတ်ကြသည်ဟု ပြောစမှတ်ရှိသည်။ သူများပြောတိုင်း မယုံနှင့်ဟု မည်မျှဆိုဆို ယုံလိုက်ကြသည်။ လူလိမ်ကိုမှ အထင်ကြီးတတ်ကြသည်။ လူလိမ်ကလည်း ယုံအောင်လိမ်နိုင်သည်။ သို့ဖြစ်လျှင် သတိနှင့်ယှဉ်ကာမှ တော်ရုံကျပေလိမ့်မည်။ စစ်ဆေးစိစစ်ကြပါမှ တော်ရုံကျပေလိမ့်မည်။

စစ်ဆေးပါ

မည်သည့်ကိစ္စဖြစ်ပါစေ၊ အလုပ်တစ်ခုလုပ်တော့မည်ဆိုပါလျှင် စစ်ဆေးပါ (Check)။ ထပ်မံစစ်ဆေးပါ (Recheck)။ အပြန်အလှန်စစ်ဆေးပါ(Counter Check)ဟု မှာကြားလိုသည်။ ရေးလိုသည်။ သို့မှသာ လိမ်သူ၊ အတုအယောင်ဖြီးသူ၊ ဖြန်းသူ၊ အနု၊ အလှ၊ အပ၊ ပကာသန စသည်တို့ဖြင့် သွေးဆောင်သူ၊ စည်းရုံးသူ(တစ်လိမ်၊ နှစ်လိမ်၊ ပွေလိမ်ရှုပ်သူတွေ)ကို စစ်ဆေးပြီးသား၊ ထပ်မံစစ်ဆေးပြီးသား၊ အပြန်အလှန်စစ်ဆေးပြီးသား ဖြစ်ခြိမ့်မည်။ အနည်းနှင့်အများ အလိမ်ခံရသည့်ဘေးက ကင်းဝေးနိုင်မည်။ စိစိစစ်စစ်ကျစ်ကျစ်လျစ်လျစ် သတိနှင့်ယှဉ်လျှင်၊ လိမ်သူနည်းသွားမည်။ အလိမ်ခံရမည့်ဘေးက ကင်းဝေးနိုင်သည်။ အယုံမလွယ်ဖို့က အဓိကဖြစ်သည်။

လိမ်လည်မှု

ရာဇသတ်ကြီး(ပြစ်မှုဆိုင်ရာဥပဒေ) ပုဒ်မ ၄၁၅ တွင် လိမ်လည်မှု၏ အဓိပ္ပာယ်ကို အောက်ပါအတိုင်း ပြဋ္ဌာန်းထားပေသည်။

"မည်သူမဆို၊ တစ်ဦးတစ်ယောက်သောသူအား လှည့်ဖြားခြင်းဖြင့်၊ ထိုသို့လှည့်ဖြားခံရသောသူက သူတစ်ပါးအား ပစ္စည်းတစ်ခုခုကို ပေးအပ်စေရန် ဖြစ်စေ၊ သူတစ်ပါးထံတွင် ပစ္စည်းတစ်ခုခုကို ဆက်လက်ထားရှိသည်ကို သဘောတူစေရန် ဖြစ်စေ၊ ထိုသို့ လှည့်ဖြားခြင်းခံရသောသူအား လိမ်လည်လှည့်ဖြားလိုသော သဘောဖြင့်သော်လည်းကောင်း၊ မရိုးမဖြောင့်သော သဘောဖြင့်သော်လည်းကောင်း၊ သွေးဆောင်လျှင် သို့တည်းမဟုတ် တစ်ဦးတစ်ယောက်သောသူအား လှည့်ဖြားခြင်းဖြင့် ထိုသို့လှည့်ဖြားခြင်းခံရသောသူက အကယ်၍ လှည့်ဖြားခြင်းမခံခဲ့ရသော် မိမိပြုသည်မဟုတ်သော သို့တည်းမဟုတ် မိမိပျက်ကွက်မည် မဟုတ်သောအရာကို ပြုစေရန်သော်လည်းကောင်း မပြုဘဲပျက်ကွက်စေရန် သော်လည်းကောင်း၊ ထိုသို့လှည့်ဖြားခြင်းခံရသောသူအား တမင်သွေးဆောင်လျှင် ထို့ပြင် ထိုပြုလုပ်မှုက သို့တည်းမဟုတ် ထိုပျက်ကွက်မှုက ထိုသူ၏ ကိုယ်ကိုဖြစ်စေ၊ စိတ်ကို ဖြစ်စေ၊ ဂုဏ်သရေကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ ပျက်စီးနစ်နာစေခြင်း သော်လည်းကောင်း၊ အန္တရာယ်သော်လည်းကောင်း ဖြစ်စေလျှင် သို့တည်းမဟုတ် ထိုသို့ ဖြစ်စေတန်ရာလျှင် ထိုသူသည် လိမ်လည်သည်မည်၏"

ရှင်းလင်းချက်။ ။ မရိုးမဖြောင့်သောသဘောနှင့် အကြောင်းခြင်းရာများကို ထိမ်ချန်ခြင်းသည် ဤပုဒ်မ၏ အဓိပ္ပာယ်အရ လှည့်ဖြားခြင်းမည်၏။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀

ပုဒ်မ ၄၂၀ အရ လိမ်လည်မှုပြစ်မှုထင်ရှားလျှင် ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်ပေသည်။

အကြံပြုတင်ပြချက်

လိမ်လည်မှုများ အလွယ်တကူ၊ မပပျောက်နိုင်ပါ။ အလိမ်ခံသူရှိနေသရွေ့၊ လိမ်သူကို ယုံကြည်သူရှိနေသရွေ့ လိမ်လည်မှုရှိနေမည်သာ။ ပေါ့ပေါ့ဆဆ မစစ်မဆေး၊ လွယ်လွယ်ကူကူ၊ သတိမမူသမျှ အလိမ်ခံရမည်သာ။ အစစ်နှင့်အတု မခွဲခြားနိုင်သမျှ အတုပြုလုပ်မှုရှိနေဦးမည်သာ။ လိမ်လည်မှု၊ အတုပြုမှုများကို ရှောင်ရှားဖို့အရေး ဆွေးနွေးကြပါ။ မေးမြန်းကြပါ။ စစ်ဆေးကြပါ။ ထပ်မံစစ်ဆေးကြပါ။ အပြန်အလှန်စစ်ဆေးကြပါ။ တရားရုံးသို့ မရောက်ရအောင်၊ မဖြေရှင်းရအောင်၊ အဆုံးရှုံးမခံရအောင် ကြံဆောင်ကြပါ။ တစ်လိမ်၊ နှစ်လိမ်၊ ပွေလိမ်ရှုပ်သည့်ဘေးမှ ကင်းဝေးကြပါစေကြောင်း။

ဦးဟန်ညွန့်(ဥပဒေ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သစ်လက်ထက် လမ်းပန်းဆက်သွယ်ရေးဆောင်ရွက်ချက် တည်ဆောက်ဆဲ ဧရာဝတီမြစ်ကူးတံတား(ရတနာသိယ်)

ရတနာသိယ်တံတားအချက်အလက်များ

၁။ စုစုပေါင်းတံတားအရှည်မှာ ပေ ၂၄၇၀ ရှိသည်။

၂။ ယာဉ်သွားလမ်းအကျယ် ၂၈ ပေရှိ နှစ်လမ်းသွားကားလမ်းနှင့် တစ်ဖက်လျှင် သုံးပေစီရှိသည့် လူသွားလမ်းများပါရှိမည် ဖြစ်သည်။

၃။ တံတားအောက်ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ်ပေ ၃၂၀ နှင့် အမြင့် ၄၇ ပေရှိပြီး တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန် ဖြစ်သည်။

၄။ တံတားအောက်ထည်မှာ ၁ ဒသမ ၅ မီတာအချင်းရှိ သံကူကွန်ကရစ် လွန်တူးပိုင်တိုင်အုတ်မြစ်နှင့် သံကူ ကွန်ကရစ်တိုင် ကိုယ်ထည်အမျိုးအစားဖြစ်ပြီး တံတား အပေါ်ထည်မှာ သံမဏိသံပေါင်နှင့် သံကူကွန်ကရစ်ကြမ်းခင်း ဖြစ်သည်။

* ဧရာဝတီတံတား(ရတနာသိယ်)သည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့နယ်ခွဲ နွယ်ငြိမ်းကျေးရွာနှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့တို့ကို ဆက်သွယ်ပေးမည့် ဧရာဝတီမြစ်ကူးတံတားကြီးဖြစ်သည်။
* တံတားကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၄)က ၂၀၁၀ ခုနှစ် ဧပြီ ၁၆ ရက်မှစတင်၍ တာဝန်ယူဆောက်လုပ်လျက်ရှိသည်။
* တံတားကြီးတည်ဆောက်ပြီးစီးပါက ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ စဉ့်ကူးမြို့မှတစ်ဆင့် မန္တလေး-မတ္တရာ-ဗန်းမော်-မြစ်ကြီးနားလမ်းသို့ ရောက်ရှိပြီး မန္တလေးတိုင်းဒေသကြီး မိုးကုတ်၊ ရှမ်းပြည်နယ် မိုးမိတ်၊ မဘိမ်း၊ ကချင်ပြည်နယ် ဗီအူ၊ မံသာနှင့် မံစီတို့သို့ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။
* ထို့အတူ ဧရာဝတီမြစ်အနောက်ဘက်ကမ်းရှိ နွယ်ငြိမ်း-ကျောက်မြောင်း-ရွှေဘိုလမ်းမှတစ်ဆင့် မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်း၊ ရွှေဘို-ခင်ဦး-ရေဦး-ကလေးဝလမ်း၊ ရွှေဘို-အရာတော်-မုံရွာ-ယာကြီး-ကလေးဝ-ကလေးလမ်းနှင့် သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ထမံသီ-ခန္တီးလမ်းတို့သို့ အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။
* ဤတံတားကြီးကြောင့် ရေခြားမြေခြားဖြစ်နေသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုများ ဝင်ထွက်သွားလာမှုများပြားလာပြီး တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးလာမည်ဖြစ်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလည်း အထောက်အကူပြုမည်ဖြစ်သည်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ညောင်ဦးမြို့ရှိ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ နံရံကပ်စာစောင်များ ရေးဆွဲပြသထားမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်အောင် ပြန်ကြားဆောင်ရွက်

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပြန်/ဆက်ဦးစီးမှူးများအား မှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေ ညောင်ဦးမြို့ရှိ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ခရိုင်နှင့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးမျ တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တွေ့ဆုံရာတွင် ညောင်ဦးခရိုင်၊ မြင်းခြံခရိုင်၊ ပခုက္ကူခရိုင်၊ မြိုင်၊ ဆိပ်ဖြူ၊ ရေစကြို၊ နွားထိုးကြီး၊ တောင်သာ၊ မြင်းခြံ၊ ကျောက်ပန်းတောင်း၊ ချောက်မြို့နယ်များနှင့် ငါ့သရောက်မြို့နယ်ခွဲတို့မှ ဦးစီးမှူးများက ကျေးရွာစာကြည့်တိုက်များ ထူထောင်ထားရှိမှု၊ နံရံကပ်စာစောင်များနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမှာကြားရာတွင် ခရိုင်နှင့်မြို့နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများကို မိမိမြို့၏ စာဖတ်ဌာနကြီးတစ်ခုဖြစ်လာစေရန်နှင့် လူငယ်များ စာပေဖတ်ရှုလေ့လာမှုကို ပိုမိုစိတ်ဝင်စားလာစေရန်အတွက် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ စေတနာရှင်များနှင့် ညှိနှိုင်းပေါင်းစပ်၍ ကြိုးစားဆောင်ရွက်ကြရန်၊ ထူထောင်ပေးထားသည့် ကျေးရွာစာကြည့်တိုက်များအားလုံး စံ(၅)ရပ်နှင့် ညီညွတ်အောင် ကြိုးပမ်းဆောင်ရွက်ပေးပြီး ကျေးရွာများတွင် စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာဖတ်သည့်ဓလေ့ ဖြစ်ထွန်းလာအောင် စည်းရုံး ဆောင်ရွက်သွားကြရန်၊ ကျောင်းသား ကျောင်းသူများအတွက် စာစီစာကုံးပြို ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပပေးခြင်းအပါအဝင် စာဖတ်ရှိန်မြှင့်တ လုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်ကြရန်။

နိုင်ငံတော်ပြုပြင်ပြောင်းလဲရေး၊ ရေရှည်တည်တံ့မည့် ထာဝရငြိမ်းချမ်းမှ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အ နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေမှုများကို ပြည်သူများကျယ်ကျယ် သိရှိနားလည်အောင် ပြန်ကြားဆောင်ရွက်ပေးသွားကြရန်နှင့် မိမိတို့ဒေသအ ထိရောက်သည့် နိုင်ငံတော်၏ သတင်းဖြန့်ချိရေးဌာနကြီးတစ်ခုအဖြစ် ဖြစ်တ စေရေးအတွက် ဖော်ဆောင်သွားကြရန် မှာကြားခဲ့သည်။ ယင်းနောက် ပြည်ထေ ဝန်ကြီးသည် စာကြည့်တိုက်အတွင်း စာအုပ်စာစောင်များ ခင်းကျင်းပြသထာ နံရံကပ်စာစောင်များ ရေးဆွဲပြသထားမှုများကို လှည့်လည်ကြည့်ရှုအားပေး

(သတ

ကြေးမုံမြင်ကွင်း

ရန်ကုန်မြို့ရှိ လမ်းမကြီးများ၌ လူကူးမျဉ်းကျားမှ လမ်းဖြတ်မကူးသူများအား အရေးယူပညာပေးလျက်ရှိရာ ရွှေဂုံတိုင်မီးပွိုင့်အ လူကူးမျဉ်းကျားမှ လမ်းဖြတ်ကူးကြရန် တာဝန်ကျယာဉ်ထိန်းရဲများက အသံချဲ့စက်ဖြင့် သတိပေးနေစဉ်။ (အောက်ဝဲပုံ) နှင့် **ရန်ကုန်မြို့လယ်ရှိ မီးပွိုင့်အနီး လမ်းဖြတ်ကူးရန် သတ်မှတ်မထားသည့်နေရာမှ စည်းကမ်းမလိုက်နာသူ ပြည်သူတစ်ဦး လမ်းဖြတ်ကူးလျက်ရှိသည်ကို မြင်တွေ့ရစဉ်။** (အောက်ပုံ)

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဒုတိယဥက္ကဋ္ဌ အငြိမ်းစားပါမောက္ခချုပ် ဦးမော်သန်းက "State Budget; Approaches, issues and implications in estimating revenue and expenditure" ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို ဖေဖော်ဝါရီ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ပြီး လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကာ ဟောပြောပွဲ တက်ရောက်ရန်အတွက် ဖေဖော်ဝါရီ ၂၂ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ရုံးခန်း(အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၊ ပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်သည်။ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်း(ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ဟောပြောပွဲ တက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းရန်နှင့် နယ်မှလာရောက်ရသူများအနေဖြင့် သတ်မှတ်ရက် မတိုင်မီ အသင်းရုံးခန်း ဖုန်း-၂၁၄၅၅၃ သို့ ကြိုတင်ဆက်သွယ် စာရင်းသွင်း၍ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သိရသည်။

(ကြေးမုံ)

ဝါဏိဇ္ဇဘွဲ့ရများအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာ နိုင်ငံ) မှ ကြီးမှူး၍ ဒေါ်ချိုချိုတိုး (Cho Cho Toe & Associates) ၏ ကူညီ ပံ့ပိုးမှုဖြင့် ဦးသန်းလွင် [ဒုတိယဥက္ကဋ္ဌ(၂) ဗဟိုဘဏ်)က "တိုးတက်ပြောင်းလဲလာသော မြန်မာ့ငွေရေးကြေးရေးကဏ္ဍနှင့် နိုင်ငံသစ်တည်ဆောက်ရေးတွင် စိန်ခေါ်မှုများ (Evolution of Myanmar Financial Sector, Challenges for Nation Building) ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲမှ ၁၁ နာရီခွဲထိ အမှတ်(၁၈၀) ၆-လွှာ(အေ) ဗိုလ်တထောင် ဘုရားလမ်း တော်ဝင်မြန်မာကွန်ဒို၌ ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် အသေးစိတ်သိလိုပါက အသင်းရုံး ဖုန်း-၂၉၁၆၆၇ ပြန်ကြားရေးမှူး ဦးကျော်အောင် ဖုန်း-၇၀၃၂၂၀ တို့သို့ စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မန္တလေးစီးပွားရေးလမ်းညွှန်(၂၀၁၂)စာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

နှစ်စဉ်ထုတ်ဝေလျက်ရှိသော မန္တလေးစီးပွားရေးလမ်းညွှန်(တကယ်အသုံးတည့်တဲ့လမ်းညွှန်)စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

မန္တလေးစီးပွားရေးလမ်းညွှန်စာအုပ်ကို မြန်မာဘာသာနှင့် ထုတ်ဝေထားခြင်းဖြစ်ပြီး လုပ်ငန်းခေါင်းစဉ်နှင့် စီးပွားရေးလုပ်ငန်း လိပ်စာအချက်အလက်များကို အသုံးပြုလွယ်ကူစေရန် မြန်မာအက္ခရာစဉ်နည်းဖြင့် စီစဉ်ဆောင်ရွက်ထားသည်။

မန္တလေးစီးပွားရေးလမ်းညွှန်ကို (၄/၆) (၂၄ -၂၅)လမ်းကြား၊ (၆၂ - ၆၃) လမ်းကြား မြစန္ဒာလမ်းသွယ် အောင်မြေသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၇၂၂၀၀)နှင့် အမှတ်(၃၃/၄၉) (၇)လွှာ ရှိုင်းကွန်ဒို မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း)နှင့် ဘဏ်လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၃၇၃ ၄၃၅-၄၃၇၊ ၃၇၂၅၀၄-၅၀၆ တို့မှ ဖြန့်ချိထားကြောင်း သိရသည်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၄ ရက်က ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမက(၂၂)၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ဘက်စုံထူးချွန်ဆု ချီးမြှင့်ပွဲ ကျင်းပရာ ဘက်စုံပထမဆုရရှိသော စတုတ္ထတန်း(က)မှ မောင်ထွန်း ဝေယံကျော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ငွေငွေ ဆုချီးမြှင့်စဉ်။ (ပညာရေး)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၂-၂၀၁၂ (တနင်္ဂနွေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၂၀	MRTV-4 သတင်း
၆း၂၅	အဓိဋ္ဌာန်ပြုကာ ဆုခြွေမည် ဦးရာဇ်တော်စေတီ
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၁၂၀)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၇၃)**
၁၀း၄၀	ဆံသားကျန်းမာရေးကို သဘာဝကျကျထိန်းသိမ်းတတ်စေဖို့
၁၁း၀၅	အနုပညာရပ်ဝန်းမှရင်ခုန်သံများ 'အမွှေဇယား'
၁၁း၃၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တေးသွားဧကရီ"(အပိုင်း-၂၀)**
၁၂း၅၀	Activities In The City (အောင်ခြင်းရှစ်ပါးနှင့် မီဒီယာတွေ့ဆုံပွဲ)
၁း၀၀	'ပီတိဖြစ်လွှန်းလှပါတယ်' တရားတော်(ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၇၃)**
၃း၁၀	ကျန်းမာသောလူနေမှုပုံစံနှင့် သွေးချိုရောဂါ
၃း၃၀	MNL Myanmar 2012
၅း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တေးသွားဧကရီ" (အပိုင်း-၂၁)**
၆း၀၀	MRTV-4 သတင်း
၈း၀၀	MRTV-4 သတင်း
၈း၃၀	ဗီဒီယိုပြခန်း
၁၁း၂၅	FMF Selection
၁း၅၅	သစ်သီးဝလံပေါပြည့်ဝေဆာ တို့မြေမှာ (စိမ်းချိုသရက်သီး)
၂း၀၅	ခရီးပျော်တို့လမ်းညွှန်ရာ (မြို့ရွှေနေပြည်တော်)(အပိုင်း-၁)
၃း၄၅	အထောက်အကူပြုစရာ ကလေးတို့အတွက် အင်္ဂလိပ်စာ
၄း၀၅	ပေါ့ပေါ့ပါးပါးဂေါက်သီးအားကစား (အခြေခံ)(အပြည့်လွှဲခြင်း၊ သဲကျင်းတန်ကာရိုက်ချက်)
၄း၁၀	အဖွဲ့တွက္ကကစားပွဲ
၄း၄၀	အလောင်းတော်ကဿပလိုဏ်ဂူတော်
၅း၀၀	အစီအစဉ်ပြီး။

ဖတ်စရာ မှတ်စရာ

သတိမမူ ဂူမမြင်

နေ့စဉ် ဘတ်(စ်)ကားစီး ခရီးသည်တစ်ဦးအနေနှင့် မြင်သမျှကို တင်ပြပါရစေ။

တစ်နေ့ နံနက်ပိုင်းတွင် ရုံးသို့သွားရန် ဘတ်(စ်)ကားစီးလာစဉ် သိမ်ဖြူစာတိုက်မှတ်တိုင်အထွက် မီးပွိုင့်အရောက်၌ မိမိစီးလာသည့် ဘတ်(စ်)ကားမှ ယာဉ်မောင်း၏ ဆဲရေးတိုင်းထွာသံကို ရုတ်တရက် ကြားလိုက်ရသဖြင့် မိမိ ဘေးပတ်ဝန်းကျင်ကို လှေ့လာမိသည်။

ဖြစ်စဉ်မှာ တခြားဘတ်(စ်)ကားတစ်စီးမှ ခရီးသည်တစ်ဦးသည် မီးပွိုင့်တွင် မီးနီသဖြင့် ရုတ်တရက် ခုန်ဆင်းလိုက်စဉ် ကွေ့ကြောမှ ကွေ့ရန်မောင်းလာသည့် မိမိတို့ဘတ်(စ်)ကားရှေ့သို့ ဖြတ်အကူး တိုက်မိမလိုဖြစ်သွားသဖြင့် ဘရိတ်ကို ရုတ်တရက် အုပ်လိုက်ရသောကြောင့် ယာဉ်မောင်းဖြစ်သူက ဒေါသတကြီးနှင့် ဆဲရေးလိုက်သည့် အသံဖြစ်သည်။ ဘတ်(စ်)ကားပေါ်ပါ ခရီးသည်များလည်း ဖရိုဖရဲ အလဲလဲအပြိုပြို ဖြစ်ကုန်ကြသည်။

၎င်းဖြစ်စဉ်ကို မြင်လိုက်ရသည့် ခရီးသည်တစ်ဦးအနေဖြင့် ယခင်က ကိုယ်တိုင် ယင်းကဲ့သို့ ဖြစ်ရပ်မျိုးနှင့် ကြုံခဲ့ရသည်ကို သတိရလိုက်မိသည်။ ရုံးကိစ္စတစ်ခုနှင့် မြို့ထဲဘက်သို့ ဘတ်(စ်)ကားစီးသွားခဲ့စဉ် ဆူးလေဘုရားလမ်းနှင့် အနော်ရထာလမ်းထောင့်၌ ယခုကဲ့သို့ မီးပွိုင့်၌ ဘတ်(စ်)ကားပေါ်မှ ခုန်ဆင်းကာ တစ်ဖက်သို့ ဖြတ်အကူး၌ ကွေ့ကြောမှ ကွေ့လာသည့် ကိုယ်ပိုင်ကားတစ်စီးနှင့် တိုက်မိခဲ့သဖြင့် ခပ်လှမ်းလှမ်းသို့ လွင့်ထွက်သွားပြီး ဖိနပ်ကျွတ်သွားသည်။ လမ်းဆုံလမ်းခွဖြစ်၍ လူအများက ဝိုင်းအုံလာကြရာ ရှ သွားသောကြောင့် လူအုပ်ကို အတင်းတိုးကာ လမ်းတစ် သို့ ဖြတ်ကူး၍ မိမိ၏အနာတရဖြစ်မှုကို ကြည့်မိနေ ကိုယ်ပိုင်ကားပိုင်ရှင် ဆင်းလာကာ "ဘာဖြစ်သွ ဘာအကူအညီပေးရမလဲ" မေးရှာသော်လည်း မိမိ ရှက်စိတ်၊ ကြောက်စိတ်များနှင့် ပြည့်နေသည်ဖြစ်၍ ဘ မဖြစ်ပါဘူးဟုဆိုကာ ခေါင်းကိုသာ တွင်တွင်ငုံ့၍ ပ ဖောင်းပေါ်၌ ထိုင်လျက်သားနှင့် ကျန်နေခဲ့သည်။ ကွေ့ ကားဖြစ်၍ အရှိန်ကို လျှော့လာခြင်းဖြစ်သည့်အတွက် ကြီ ကျယ်ကျယ် ဒဏ်ရာမရခဲ့သော်လည်း မိမိသတိမမူ ပြုမူခဲ့သည့် အပြုအမူကြောင့် ဖြစ်ခဲ့ရသည်ကို ဆင်ခြင်မိ သည်။

အဆိုပါ ဖြစ်စဉ်ကို ကြည့်၍ မိမိအမှန်တကယ် တွေ ခံစားခဲ့သည်များကို သတိရမိခြင်းနှင့်အတူ ယနေ့ နိုင်ငံ သည် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံ ဖြစ်ရန် အဘက်ဘက်က အကောင်အထည်ဖော် ဆောင် နေကြသည့် အချိန်တွင် နိုင်ငံသားတိုင်း စည်းကမ်းရှိနေ အလွန်လိုအပ်လှသည်။ ယင်းသို့ အသေးအမွှားဖြစ်စ ဖြစ်သော်လည်း သတ်မှတ်ထားသည့် စည်းကမ်းများ လိုက်နာခြင်းမရှိဘဲ စည်းကမ်းမဲ့စွာ မီးပွိုင့်၌ ဆင်းမိခြင်း ဒေါသတကြီးနှင့် ယာဉ်မောင်း၏ အဆဲမခံရလျှင်လ မိမိကိုယ်တိုင် အနာတရဖြစ်မည်။ ၎င်းထက်ဆိုးသည့် ဖြ များပင် ဖြစ်သွားနိုင်ခြင်းကြောင့် ရန်ကုန်မြို့တွ အကြောင်းအမျိုးမျိုးနှင့် နေ့စဉ် လှုပ်ရှားသွားလာနေကြ ခရီးသွားပြည်သူများသည် "သတိမမူ ဂူမမြင်၊ သတိမူ မြူကိုပင် မြင်နိုင်သည်" ဆိုသည့် ဆိုရိုးစကားအ စည်းကမ်းပြည့်ဝသော ပြည်သူပြည်သားများ ဖြစ်လာ သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ ပြုမူနေထို စေရန် အကြံပြုရေးသားတင်ပြလိုက်ရပါသည်။

(မေနိုင်-စာနယ်

မြို့ပြလမ်းများဖွံ့ဖြိုးရေး အဆင့်မြှင့်တင်

ရေစကြို ဖေဖော်ဝါရီ ၁၈

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် မြို့ပြလမ်းများ ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယခုအခါ မြို့တွင်းလမ်းများ ဖွံ့ဖြိုးရေးအတွက် ကျောက်ချောလမ်းခင်းခြင်းနှင့် ကျောက်ချောလမ်းများအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းများအနက် အမှတ်(၇)ရပ်ကွက်တွင် အရှည်ပေ ၁၈၀၀၊ အကျယ် ၁၂ ပေရှိ မဟာဗန္ဓုလလမ်းမကြီးကို အဖွဲ့ပိုင်ရန်ပုံငွေကျပ် ၁၅၈ သိန်း အကုန်အကျခံ၍ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါလမ်းမှာ ယခင်ကျောက်ကြီးစီ(ဂျင်း)လမ်း အမျိုးအစားဖြစ်ပြီး ယာဉ်အမျိုးမျိုးသွားလာမှု များပြားခြင်း၊ မိုးရွာသွန်းခြင်းများကြောင့် ကျောက်စရစ်မြေသားများ ပျက်စီး၍ အောက်ခံကျောက်ကြီးများပေါ်ပြီး သွားလာရေးတွင် မချောမွေ့ဘဲ ရှိနေခဲ့ရာမှ ယ ကတ္တရာလမ်းအဖြစ် အဆင့်မြှ ဆောင်ရွက်ပေးခဲ့သဖြင့် အများပြ များလည်း သွားလာမှုအဆင်ပြေ သည်။

(ဖေထွဏ်း

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယမန်နေ့နံနက် ၇ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အားကစားဇုန်ရှိ ဘော်လီဘောအားကစားကွင်း၌ ကျင်းပသည့် ၂၀၁၂ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ(အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပသော ဗိုလ်လုပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယ ရရှိကြသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် စက်မှုဝန်ကြီးဌာနအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက အကောင်းဆုံး စပေးဘောဆုရ စောသန္တာ (ကာကွယ်ရေးဝန်ကြီးဌာန)၊ အကောင်းဆုံး ပင့်ထောင်ဆုရ ခင်လေးမြင့်(ပြည်ထဲရေးဝန်ကြီးဌာန)၊ အကောင်းဆုံး ရိုက်ခုတ်ဆုရ ညိုလှိုင်မြင့်(ပြည်ထဲရေးဝန်ကြီးဌာန)၊ အကောင်းဆုံးပိတ်ဆို့ဆုရ စန်းစန်းငွေ (စက်မှုဝန်ကြီးဌာန)၊ အကောင်းဆုံး ခုခံဆယ်မဆုရ နွယ်နီလင်း(ကာကွယ်ရေးဝန်ကြီးဌာန)နှင့် အကောင်းဆုံးဘော်လီဘောအားကစားသမားဆုရ သီတာလွင် (ကာကွယ်ရေးဝန်ကြီးဌာန) တို့အား အကောင်းဆုံးဆုများနှင့် ငွေသားဆုများကို လည်းကောင်း၊ စတုတ္ထဆုရ အားကစားဝန်ကြီးဌာနအသင်း၊ တတိယဆုရ စက်မှုဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ပထမဆုရ ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့အား ဂုဏ်ပြုငွေသားဆုများကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် အနိုင်ရဗိုလ်စွဲသွားသော ကာကွယ်ရေးဝန်ကြီးဌာန အမျိုးသမီးအသင်းအား ပင်မဒိုင်းဆုကြီးနှင့် ဆင့်ပွားဒိုင်းတို့ကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ(အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲ၌ အနိုင်ရဗိုလ်စွဲသွားသော ကာကွယ်ရေးဝန်ကြီးဌာန အမျိုးသမီးအသင်းအား ပင်မဒိုင်းဆုကြီး ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ဖီဖာကိုယ်စားလှယ်အဖွဲ့နှင့် MFF ဥက္ကဋ္ဌ တွေ့ဆုံဆွေးနွေး
မြန်မာ့ဘောလုံးလောက ပြောင်းလဲဖြစ်ပေါ်မှုနှင့် ကြိုးပမ်းဆောင်ရွက်နေမှုများကို ဖီဖာအသိအမှတ်ပြု

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)မှ အဖွဲ့ဝင်သုံးဦးပါ ကိုယ်စားလှယ်အဖွဲ့ သည် ဖေဖော်ဝါရီ ၁၁ ရက် ညနေပိုင်းက အောင်ဆန်းအားကစားကွင်း၌ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တွေ့ဆုံ၍မြန်မာ့ဘောလုံးလောကဖွံ့ဖြိုးတိုးတက်ရေးနှင့် MFF မှ ဆက်လက်ဆောင်ရွက်မည့် ရေရှည်စီမံကိန်းများ(Long Term Plans) နှင့် ပတ်သက်၍ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။(ယာပုံ)

တွေ့ဆုံရာတွင် "လက်ရှိမြန်မာ့ဘောလုံးလောက တိုးတက်ပြောင်းလဲမှုဖြစ်စဉ်များကို မြင်တွေ့ရ၍ အသိအမှတ်ပြုချီးကျူးပါကြောင်း၊ ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ကျန်ရှိနေသေးသော်လည်း လက်ရှိ ပရော်ဖက်ရှင်နယ်ဘောလုံးလောက အခြေအနေမှာ အခြားသောနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် သိသိသာသာ တိုးတက်အောင်မြင်နေသည်ဟု ဆိုနိုင်ပါကြောင်း။

MFF မှဆောင်ရွက်မည့် ရေရှည်စီမံကိန်းများကိုလည်း သိရှိရ၍ မိမိတို့ဖီဖာမှ ပံ့ပိုးမည့် အခြေအနေများကိုလည်း ဆက်လက်ပြောကြားသွားမည်ဖြစ်ကြောင်း၊ ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာကလည်း မြန်မာ့ဘောလုံးလောက လျင်မြန်စွာ ပြောင်းလဲဖြစ်ပေါ်မှုနှင့် ကြိုးပမ်းဆောင်ရွက်နေမှုများကိုလည်း ချီးကျူးစကားပြောကြားလိုက်ပါကြောင်း၊ MFF အနေဖြင့် ရေရှည်စီမံကိန်းများချမှတ်ရာတွင် အခြေခံအဆောက်အအုံအားနည်းမှုကြောင့် ပြည်ပနိုင်ငံများနှင့် နိုင်ငံတကာ ဘောလုံးအဖွဲ့အစည်းများမှ နည်းပညာနှင့်ကူညီပံ့ပိုးမှုများ လိုအပ်မည်ဟု သဘောပေါက်နားလည်ပါကြောင်း၊ ယင်းအတွက် ဖီဖာအနေဖြင့် ဆက်လက်ပံ့ပိုးကူညီရန် စီစဉ်သွားမည်ဖြစ်ကြောင်း" ဖီဖာကိုယ်စားလှယ်အဖွဲ့က ဆွေးနွေးပြောကြားသည်။

အလားတူ MFF ဥက္ကဋ္ဌ ဦးဇော်ဇော်က မိမိတို့ MFF သည် အခက်အခဲနှင့် လိုအပ်ချက်များကြားမှ မြန်မာ့ဘောလုံးလောက ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်နေဆဲဖြစ်ကြောင်း၊ အခြားဘောလုံးဖွံ့ဖြိုးဆဲတိုင်းပြည်များကို အမီလိုက်နိုင်ရန် ဖီဖာနှင့် နိုင်ငံတကာမှ နည်းပညာနှင့် ပံ့ပိုးကူညီမှုများမဖြစ်မနေ လိုအပ်ပါကြောင်း၊ ဥရောပနိုင်ငံကြီးများ၏ စီးပွားရေးပိတ်ဆို့မှု (Sanction) ကြောင့် မိမိတို့ MFF မှာလည်း ဖီဖာနှင့် AFC မှ ပံ့ပိုးထောက်ပံ့ငွေများကို တစ်နှစ်ကျော်ခန့် လွှဲပြောင်းရယူနိုင်ခြင်းမရှိသဖြင့် များစွာ အခက်အခဲကြုံတွေ့ခဲ့ရကြောင်း၊ သို့သော်လည်း ဘောလုံးကို ချစ်မြတ်နိုးစိတ်ဖြင့် မိမိတို့ကြိုးပမ်းခဲ့ခြင်းကြောင့် တိုးတက်မှုအချို့ရှိခဲ့ပါကြောင်း၊ အခြေခံအဆောက်အအုံလိုအပ်ချက်များအပြင် နည်းပြဆရာကောင်းများ၊ ဒိုင်လူကြီးကောင်းများ၊ လူငယ်ဘောလုံးဖွံ့ဖြိုးရေးအတွက် ဘောလုံးအကယ်ဒမီများ ပိုမိုဖွံ့ဖြိုးရန် ဖီဖာမှ နည်းပညာအကူအညီများ ယခုထက် ပိုမိုရရှိရန် လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် အမျိုးသား အမျိုးသမီး လက်ရွေးစင်အသင်းများ၊ လူငယ်ဘောလုံးအသင်းများ၊ လူငယ်ဘောလုံးဖွံ့ဖြိုးရေးလုပ်ငန်းများ အစွမ်းကုန်ကြိုးပမ်းနေသလို ဖူဆယ်လ်နှင့် သဲသောင်ပြင် ဘောလုံးဖွံ့ဖြိုးရေးကိုလည်း တစ်ပြိုင်နက် ဆောင်ရွက်နေပါကြောင်း၊ ထိုသို့ ဆောင်ရွက်နေမှုများ လျင်မြန်စွာ အောင်မြင်မှုရရှိရန် နိုင်ငံတကာဘောလုံးအဖွဲ့အစည်းများ၏ အကူအညီများစွာ လိုအပ်ပါကြောင်း၊ ဖီဖာမှ ယခုကဲ့သို့ အသိအမှတ်ပြုစွာဖြင့် လာရောက်ဆွေးနွေးမှုအပေါ်ကိုလည်း အထူးကျေးဇူးတင်ပါကြောင်း" ပြောကြားသည်။

ဖီဖာကိုယ်စားလှယ်အဖွဲ့သည် MNL Myanmar 2012 ပွဲစဉ်တစ်ပွဲဖြစ်သည့် ဟံသာဝတီနှင့် ရောဝတီတို့ပွဲစဉ်ကို အားပေးကြည့်ရှုသည်။ ဖေဖော်ဝါရီ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံးတွင် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပြီး ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားခဲ့ကြသည်။

သတင်းမှတ်စု
ဇော်မင်းအောင်(၁၀၇)

နွေရာသီ မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ထူးချွန်သော မြန်မာနိုင်ငံဂုဏ်ဆောင် ဂေါက်သီးရိုက် အားကစားသမားများ ထွက်ပေါ်လာစေရေး ရည်ရွယ်ချက်ဖြင့် ရန်ကုန်မြို့ အင်းစိန်မြို့နယ် သီရိမင်္ဂလာလမ်းရှိ မြို့တော်ဂေါက်ကွင်း (Y.C.D.C) လေ့ကျင့်ရေးကွင်း၌ ဖွင့်လှစ်ထားသော I Win Golf Academy မှ နွေရာသီ မျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက် သင်တန်းကို ဖေဖော်ဝါရီ ၂၇ ရက်မှ စတင်၍ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် အခြေခံဂေါက်ရိုက်နည်းစနစ်သင်တန်းနှင့် ကွင်းပတ်အဆင့်ဂေါက်သီးရိုက်နည်းစနစ် သင်တန်းတို့ပါဝင်ပြီး (၁၀)နှစ်မှ (၁၈)နှစ်အကြား လူငယ်မောင်/မယ်များအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်း ဖြစ်သည်။

ယင်းသင်တန်းများကို ထိပ်တန်းနည်းပြဆရာဖြစ်သော ဦးဆန်းထွန်း (PGA Professional) ဦးဆောင်သည့် နည်းပြအဖွဲ့က စာတွေ့လက်တွေ့ အဆင့်မြင့်မားစွာဖြင့် သင်ကြားပေးမည်ဖြစ်ပြီး မြို့တော်ဂေါက်ကွင်းလေ့ကျင့်ရေးကွင်း ဖုန်း-၀၉-၄၉၂၇၃၅၀၅၊ ၀၉-၅၁၇၈၂၇၄ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အခြေခံတင်းနစ် နည်းပြသင်တန်းဆင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ အခြေခံတင်းနစ် နည်းပြသင်တန်း (Tennis Course for Beginning and Intermednate Level) ဆင်းပွဲအခမ်းအနားကို ယမန်နေ့နံနက်၁၀နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌကိုယ်စား အထွေထွေအတွင်းရေးမှူး ဦးလေးနိုင်က အခြေခံတင်းနစ်နည်းပြတစ်ဦး၏ တက်သစ်စ တင်းနစ်လူငယ်များအား နည်းပြရာ၌ လွယ်ကူစွာနားလည်နိုင်သော အခြေခံတင်းနစ် နည်းစနစ်များကို ကျေညက်စွာတတ်သိကျွမ်းကျင်အောင် သင်ပြနိုင်စွမ်းရှိရမည်ဖြစ်ကြောင်းနှင့် လေ့လာသင်ယူလိုစိတ်ပြင်းထန်မှုရှိရမည်ဖြစ်ကြောင်းနှင့် သင်တန်းသားတစ်ဦးသည် အခြေခံတတ်ကျွမ်းမှုမရှိလျှင် ၎င်းတက်သစ်စတင်းနစ် ကစားသမားသည် တင်းနစ်အားကစားပြိုင်ပွဲ၌ အောင်မြင်မှု မရနိုင်သည့်အပြင် မြန်မာ့လက်ရွေးစင်တင်းနစ်အဆင့်သို့ ရောက်မလာနိုင်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အခြေခံကောင်းကောင်းနှင့် ပြင်းထန်စွာ လေ့ကျင့်မည်ဆိုလျှင် ၎င်းတင်းနစ်အားကစားသည် နိုင်ငံ့ဂုဏ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ယခုသင်တန်းဆင်းရမည့် အခြေခံတင်းနစ်နည်းပြများ မိမိနိုင်ငံ၊ မိမိလူမျိုး နိုင်ငံ့ကိုယ်စားပြုနိုင်မည့် တက်သစ်စ လူငယ်တင်းနစ်ကစားသမားများအား မွေးထုတ်ပေးရန် မှာကြားလိုကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် (နည်းပြချုပ်) Mr. Robert Davis က ယခုအခြေခံတင်းနစ် နည်းပြသင်တန်း၌ အခြေခံအစ အဆင့်မြင့်အဆင့်ထိ ယခုတက်ရောက်သူများအား ပွင့်ပွင့်လင်းလင်း လက်တွေ့သင်ကြားပို့ချခဲ့ကြောင်း၊ အခြေခံသင်ပေးရင်း ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် တက်သစ်စတင်းနစ်သမားများအား အဆင့်မြင့်အထိ သင်ကြားနိုင်မည်ဖြစ်ကြောင်း မိမိယုံကြည်ကြောင်း၊ မြန်မာ့လက်ရွေးစင်အထိ ဖွံ့ဖြိုးတိုးတက်လာသော တင်းနစ်သမားတစ်ဦးအား၊ နည်းပြချုပ်တာဝန်ယူသော တင်းနစ်အားကစားသမားတစ်ဦးအား အခြေခံကို သင်ကြားရန်အဓိကမထားဘဲ အဆင့်မြင့် နည်းစနစ်များကိုသာ သင်ကြားပို့ချမည်ဖြစ်၍ အခြေခံမပိုင်သောတင်းနစ်အားကစားသမားတစ်ဦးသည် နိုင်ငံ့ဂုဏ်ဆောင် တင်းနစ်အားကစားသမားတစ်ဦး ဖြစ်လာမည်မဟုတ်ကြောင်း၊ ယခုသင်တန်းပို့ချခဲ့သော တင်းနစ်နည်းစနစ်ပိုင်းဆိုင်ရာတို့ကို ရှင်းလင်းပြောကြားသွားသည်။**(အောက်ပုံ)**

ထို့နောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှ ဦးမောင်မောင်လေး (JTI- Co-ordinator) နှင့် အဖွဲ့ချုပ်အမှုဆောင် ဦးတင်ထူးတို့က သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နာမည်ကြီးကမ္ဘောဇအသင်း နှစ်ပွဲဆက်နိုင်ပွဲပျောက်
မကွေးနှင့် ရောဝတီ သရေကျ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

MNL Myanmar 2012 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၇)ပထမနေ့ ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပသည်။

(အောင်ဆန်းကွင်း)
ကမ္ဘောဇ-သုံးဂိုး
(ဒူနက်ဇ်-နှစ်ဂိုး၊ နေဝင်းအောင်-တစ်ဂိုး)

ဟံသာဝတီယူနိုက်တက်-သုံးဂိုး
(စတန်လေ၊ အောင်မိုးနှင့် ညီညီအောင်)

ထိပ်ဆုံးတွင် ဦးဆောင်နေသည့် နာမည်ကြီး ကမ္ဘောဇအသင်းမှာ ယခုပွဲတွင် ဟံသာဝတီနောက်မှ လိုက်ကစားရပြီး ချေပဂိုးများ ပြန်လည်သွင်းယူနိုင်ခဲ့၍ သရေတစ်မှတ်ရခဲ့ခြင်းဖြစ်သည်။ဟံသာဝတီအသင်းမှာ ကမ္ဘောဇအသင်း၏ ခံစစ်ပိုင်း အမှားအယွင်းများကို အခွင့်ကောင်းယူ၍ သုံးကြိမ်တိုင် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သော်လည်း ပွဲပြီးခါနီးတွင် ပေးလိုက်ရသော ချေပဂိုးကြောင့် နိုင်ပွဲနှင့် ဝေးသွားရခြင်းဖြစ်သည်။ ဟံသာဝတီအသင်းအတွက် ဂိုးများကို ၂၁ မိနစ်တွင် ပယ်နယ်တီမှ စတန်လေ၊ ၄၂ မိနစ်တွင် အောင်မိုးနှင့် ၇၄ မိနစ်တွင် ညီညီအောင်တို့က သွင်းယူခဲ့သည်။ ကမ္ဘောဇအတွက် ချေပဂိုးများကို ၃၂ မိနစ်နှင့် ၅၄ မိနစ်တွင် ဒူနက်ဇ်**(ဝဲပုံ)**၊ ၉၄ မိနစ်တွင် နေဝင်းအောင်တို့က သွင်းယူပေးခဲ့သည်။ နှစ်ပွဲဆက်သရေကျခဲ့သော ကမ္ဘောဇအသင်းမှာ ဖေဖော်ဝါရီ ၁၉ ရက်တွင် ကစားမည့်ပွဲ၌ ရတနာပုံ အနိုင်ရပါက ထိပ်ဆုံးနေရာမှ ဖယ်ပေးရတော့မည်ဖြစ်သည်။

သတင်းနှင့်ဓာတ်ပုံ – ရှိုင်းထက်ဇော်

(ပဒုမ္မာကွင်း)
မကွေး-ဂိုးမရှိ
ရောဝတီယူနိုက်တက်-ဂိုးမရှိ

မကွေးတို့ခြေအသာဖြင့် ကစားနိုင်ခဲ့သော်လည်း အဆုံးသတ်အားနည်းမှုကြောင့်သာ နိုင်ပွဲနှင့် ဝေးခဲ့ရခြင်းဖြစ်သည်။ ကိုနေး၊ အဆိုလာဂျီနှင့် ရိုဒရီရူတို့က ရောဝတီခံစစ်ကို အကြိမ်ကြိမ် ခြိမ်းခြောက်နိုင်ခဲ့သည်။ တိုက်စစ်အတွဲဖြစ်သည့် ဂျူပီတာနှင့် မင်းမင်းသူတို့ကို မကွေးနောက်တန်း ထိန်းချုပ်နိုင်ခဲ့၍လည်း ရောဝတီထင်တိုင်းမပေါက်ခဲ့ပေ။

(NPTကွင်း)
နေပြည်တော်-နှစ်ဂိုး
(လီအန်ဒရို)
ဇေယျာရွှေမြေ-တစ်ဂိုး
(မာတင်)

ယနေ့ပွဲ
(ပဒုမ္မာကွင်း)
Southern-ရန်ကုန်ယူနိုက်တက်
(အောင်ဆန်းကွင်း)
မနော‌မြေ-ဇွဲကပင်ယူနိုက်တက်
(ဗထူးကွင်း)
ရတနာပုံ-ချင်းယူနိုက်တက်

မြန်မာနိုင်ငံတွင် အသက်(၆၀)နှင့်အထက် ဦးရေ ၈ ဒသမ ၄ ရာခိုင်နှုန်းရှိနေ

အသက်အရွယ်ကြီးသူများကို အခြားသူများနည်းတူ တန်းတူလူမှုရေးအကျိုးခံစားခွင့်ရှိစေရမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးဆရာဝန်များထောက်ကူအဖွဲ့ Day Care Centre ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်) ခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာ၌ မြန်မာပြည်တွင်သာမက ကမ္ဘာနှင့်အဝှမ်း ပြောင်းလဲလာသည့် လူဦးရေအချိုးအစားအရ သက်ကြီးရွယ်အို အသက်(၆၀)နှင့်အထက် ဦးရေများပြားလာသည်ကို သတိထားမိကြကြောင်း၊ အသက်(၆၀)နှင့်အထက်ကို သက်ကြီးရွယ်အိုဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ခဲ့ကြောင်း၊ ဤသတ်မှတ်ချက်အရ ၂၀၀၀ ပြည့်နှစ်တွင် သက်ကြီးရွယ်အို ဦးရေ သန်းပေါင်း ၅၅၀ နှင့် ၂၀၂၅ ခုနှစ်တွင် သန်းပေါင်း ၁၂၀၀ ရှိလာမည်ဟု ခန့်မှန်းထားကြကြောင်း၊ ယခုဆိုလျှင် မြန်မာပြည်တွင်လည်း အသက်(၆၀)နှင့်အထက် ဦးရေ ၈ ဒသမ ၄ ရာခိုင်နှုန်းရှိနေပြီဖြစ်ကြောင်း၊ ယင်းအပြင် WHO ၏ဆုံးဖြတ်ချက်အမှတ် ၄၆/၉၀ အရ အသက်အရွယ်ကြီးရင့်သူများကို အခြားသူများနည်းတူ တန်းတူ လူမှုရေးအကျိုးခံစားခွင့်ရှိစေရမည်ဖြစ်ပြီး အသက်ကြီးသူများ၏ လိုအပ်ချက်အဝဝကို ဖြည့်ဆည်းပေးရမည် ဖြစ်ကြောင်း။

ထို့ကြောင့် ဤလိုအပ်ချက်ကို လူမှုရေးရှုထောင့်မှ ဖြည့်ဆည်းရန်စဉ်းစားရင်း ပြီးခဲ့သည့်ဆယ်စုနှစ်တစ်ခုလောက်ကတည်းက မက်ခဲ့သည့်အိပ်မက်တစ်ခုကို မျက်ဝါးထင်ထင် အကောင်အထည်ဖော်နိုင်ခဲ့သည်ဖြစ်၍ လွန်စွာဝမ်းမြောက်မိပါကြောင်း။

သက်ကြီးဆရာဝန်များ၏ အချက်အလက်ကို Data Base အနေနှင့်စနစ်တကျထားသည်ကိုလည်း သိရကြောင်း၊ စာရင်းဇယားများအရ အသက်(၇၀)နှင့်အထက် ၂၉၄ ဦး၊ (၈၀)နှင့်အထက် ၂၁၃ ဦး၊ အသက်(၉၀)နှင့်အထက် ၁၄ ဦးနှင့် အသက်(၁၀၀)နှင့်အထက် တစ်ဦးတို့ ရှိကြောင်း။

ဤကဲ့သို့များပြားသည့် သက်ကြီးဆရာဝန်များကို ရန်ကုန်တွင် ၄၂၃ ဦး၊ မန္တလေး၊ တောင်ကြီး၊ ပြင်ဦးလွင်၊ မုံရွာအစရှိသည့် မြို့ကြီးများမှာ ၉၉ ဦးရှိသည်ဟု စာရင်းပြုစုထားကြောင်း။

ယခု Day Care Centre ကို ရန်ကုန်တွင်ရှိသည့် သက်ကြီးဆရာဝန်များအတွက် အသုံးပြုနိုင်ပြီး အခြားမြို့ကြီးများမှ သက်ကြီးဆရာဝန်များလည်း ခရီးသွားဟန်လွှဲဆိုသလို ဝင်ရောက်နားနေအပန်းဖြေနိုင်ကြောင်း၊ Day Care Centre တွင် အခမဲ့ဆေးစစ်ဆေးမှု Physical Examination, BP Checkup လုပ်ပေးမည့်အပြင် အပန်းဖြေစရာ TV, Video, DVD များ ထားရှိပေးမည်ဟုလည်း သိရှိရကြောင်း၊ အပျင်းပြေကစားနိုင်သည့် Chess, Scrabble များအပြင် အားကစားနည်းများဖြစ်သည့် ယောဂ၊ ထိုက်ချီစသည်တို့ကို ကစားနိုင်အောင် စီစဉ်ထားမည်ဖြစ်ပြီး ပုံမှန်စျေးနှုန်းဖြင့် ECG, Blood, Sugar များ စစ်ဆေးနိုင်ကြောင်းနှင့် Basic Physiotherapy ကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်၍ အပျင်းလည်းပြေ ကျန်းမာရေးစောင့်ရှောက်မှုလည်းရနိုင်သည့် နေရာတစ်ခု ဖြစ်ကြောင်း။ **စာမျက်နှာ ၅ ကော်လံ ၅ သို့** ❖

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးဆရာဝန်များထောက်ကူအဖွဲ့ Day Care Centre ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

အင်တာနက်သတင်း ဘာသာပြန်-သတင်းလုလင်



လူလိုက်ပါသော အာကာသယာဉ် တရုတ်နိုင်ငံ လွှတ်တင်မည်

ပေကျင်း ဖေဖော်ဝါရီ ၁၈

တရုတ်နိုင်ငံသည် လူလိုက်ပါသော အာကာသယာဉ်တစ်စင်းကို ဇွန်လနှင့် ဩဂုတ်လ အကြားကာလတွင် လွှတ်တင်မည်ဖြစ်ကြောင်း အာကာသအစီအစဉ် တာဝန်ရှိသူ တစ်ဦးက ဖေဖော်ဝါရီ ၁၈ ရက်တွင် ပြောကြားသည်။

တရုတ်နိုင်ငံသည် လူလိုက်ပါသော အာကာသယာဉ်ကို စတုတ္ထအကြိမ် လွှတ်တင်မည်ဖြစ်သည်။ ၂၀၀၃ ခုနှစ်တွင် တရုတ်လူမျိုး အာကာသယာဉ်မှူး ယန်လီဝေက ကမ္ဘာကို အာကာသယာဉ်ဖြင့် (၁၄)ကြိမ်ပတ်ခဲ့ရာ ၎င်းသည် တရုတ်နိုင်ငံ၏ ပထမဆုံးသော အာကာသယာဉ်မှူး ဖြစ်လာခဲ့သည်။

မကြာမီလွှတ်တင်မည့် အာကာသယာဉ်နှင့်အတူ အာကာသယာဉ်မှူး သုံးဦးလိုက်ပါမည်ဖြစ်ပြီး စမ်းသပ် မိုဂျူးယာဉ်အဖြစ် လွှတ်တင်ထားသော တီယန်ဂေါင်-၁ မိုဂျူးယာဉ်နှင့် ချိတ်ဆက်နိုင်ရန် ယင်းအာကာသယာဉ်မှူးများက ကြိုးပမ်းမည်ဖြစ်သည်။

တီယန်ဂေါင်-၁ မိုဂျူးယာဉ်ကို စက်တင်ဘာ ၂၉ ရက်က လွှတ်တင်ခဲ့ကြောင်း၊ အာကာသသုတေသနစခန်းတစ်ခု ဖွင့်လှစ်နိုင်ရန် စမ်းသပ်မိုဂျူးယာဉ်အဖြစ် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း တရုတ်အာကာသအစီအစဉ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အာကာသယာဉ်တစ်စင်းနှင့် တီယန်ဂေါင်-၁ မိုဂျူးယာဉ်တို့ ချိတ်ဆက်သည့် စမ်းသပ်မှုကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့ပြီး ဖြစ်သည်။

ယခုတစ်ကြိမ်တွင် အာကာသယာဉ်မှူးသုံးဦးက တီယန်ဂေါင်-၁ မိုဂျူးယာဉ်အတွင်းသို့ ဝင်ရောက်နေထိုင်ကာ သိပ္ပံရေးရာ စမ်းသပ်မှုများကို ပြုလုပ်ရန် စီစဉ်ထားသည်။

အင်တာနက်။

အင်တာနက်ကျန်းမာရေး ဘာသာပြန်-ထန်ဆွင်း

အိပ်ချိန်နည်းသူများတွင် အယ်လ်ဇိုင်းမား ရောဂါဖြစ်ပွားနိုင်ခြေ ပိုများသည်ဟုဆို

လူတစ်ယောက်၏ အိပ်ပျော်ချိန်နည်းလေလေ အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားနိုင်ခြေ ပိုများလေလေဖြစ်သည်ဟု လေ့လာချက်အသစ်တစ်ခုအရ သိရှိရသည်။

မိမိတို့သည် ညအချိန် အကြိမ်ပေါင်းများစွာနိုးထသူ အထူးသဖြင့် တစ်နာရီအတွင်း ငါးကြိမ်ထက်နိုးထသူတို့တွင် အယ်လ်ဇိုင်းမားရောဂါရရှိနိုင်ခြေပိုများသည်ဟု လေ့လာတွေ့ရှိကြောင်း စိန့်လူးဝစ်ရှိ ဝါရှင်တန်ဆေးတက္ကသိုလ် ဦးနှောက်နှင့် အာရုံကြောဌာနမှ သုတေသီ ဒေါက်တာယိုအဲလ်ဂျူက ပြောကြားသည်။

အယ်လ်ဇိုင်းမားရောဂါဆိုသည်မှာ ဦးနှောက်ပုံမှန်အလုပ်မလုပ်တော့ဘဲ မှတ်ဉာဏ်ချို့ယွင်းခြင်း၊ ပီသစွာ စကားမပြောနိုင်တော့ခြင်း စသည့်ဖြစ်ပွားစေသော ရောဂါတစ်မျိုး(သို့မဟုတ်) ဇရာအကြိုရောဂါဖြစ်သည်။

ဂျူသည် အိပ်စက်ခြင်းပြဿနာများနှင့် အယ်လ်ဇိုင်းမားရောဂါနှင့် ပတ်သက်သည့် သူမ၏ တွေ့ရှိချက်များကို ဧပြီလတွင် နယူးအော်လန်းစ်၌ကျင်းပမည့် **စာမျက်နှာ ၆ ကော်လံ ၆ သို့** ✳



ရုပ်သံဇာတ်လမ်းတွဲတစ်ခုတွင် သရုပ်ဆောင်နေရာမှ နုတ်ထွက်လိုက်သည့် ဆိုယောင်း

ကိုရီးယားအမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့ Girls' Generation မှ အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဆိုယောင်း **(အပေါ်ပုံ)**သည် ရုပ်သံဇာတ်လမ်းတွဲတစ်ခုတွင် ပါဝင်သရုပ်ဆောင်ရန်သဘောတူထားသည်ကို ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဆိုယောင်း၏ ဖျော်ဖြေရေးအေဂျင်စီ SM မှ တာဝန်ရှိသူတစ်ဦးကပြောကြားရာတွင် ဆိုယောင်းသည် လွန်ခဲ့သည့် ဒီဇင်ဘာလတွင် စတင်ရိုက်ကူးရန်ရည်ရွယ်ထားပြီး CSTV ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသရန် စီစဉ်ထားသော Speed အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲ၌ ပါဝင်သရုပ်ဆောင်ရန် စီစဉ်ထားမှုကို ပယ်ဖျက်လိုက်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

စာမျက်နှာ ၆ ကော်လံ ၅ သို့ ❏

အောဝမ်းစိုး